မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၉

၂၀၀၆ ခုနှစ် ဇွန် ၉ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောလ် အဒူလျာဒက်ရှိ၏ ထီးနန်းစိုးစံခဲ့သည့် နှစ်ပေါင်း(၆၀)ပြည့်မြောက်သည့် အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောလ် အဒူလျာဒက်ရှိထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘရာဇီးနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အက်ဂတ်တဲလ်လက်စ် ရီဘဲရိုးသည် ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။**(ယာပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အက်ဂတ်တဲလ်လက်စ် ရီဘဲရိုးအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၉ ရက်)

ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်သော နိုင်ငံ့သားကောင်းများဖြစ်ရေး မိဘ၊ ဆရာ၊ ကျောင်းသား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်

ဇွန်လ ၁ရက်နေ့မှစ၍ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်ခဲ့သည်။

ပညာသင်နှစ်သစ်တွင် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအတွက် အောင်မြင်မှုရရှိရန် ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက် ကြရမည်ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးကောင်းမွန်စေရန်လည်း ဂရုစိုက်ရမည်ဖြစ်သည်။ မိုးရာသီတွင် ဝမ်းလျှောဝမ်းပျက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်သဖြင့် အစားအသောက် အနေအထိုင်ကအစ တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်း အလေးထား ဆောင်ရွက်ကြရမည် ဖြစ်သည်။

၂၀၀၅-၂၀၀၆ပညာသင်နှစ်စာရင်းများအရ တစ်နိုင်ငံလုံးတွင် အခြေခံပညာ ကျောင်းသားဦးရေ ရှစ်သန်းနီးပါး ရှိခဲ့သည်။ အရေအတွက် သန်းနှင့်ချီသော ကျောင်းသားများအတွက် မိဘများကလည်း ပညာသင်စရိတ် ကုန်ကျမှုများရှိခဲ့သည်။ ကုန်ရကျိုးနပ်စေရန် သွန်သင်ဆုံးမ လမ်းပြပေးကြရမည်ဖြစ်သည်။

ဆရာ ဆရာမများသည် ကျောင်းသားများနှင့် ထိတွေ့ချိန် အများဆုံးရရှိသည်။ ဆရာ ဆရာမများ၏ သွန်သင်ဆုံးမ သင်ကြားပြသမှု ကောင်းခြင်းဖြင့် မိဘနှင့်ကျောင်းသားအကြား အချိန်နှင့်ငွေကြေး ကုန်ကျမှုနှင့်အတူ ထိုက်တန်သော ကျေနပ်ဖွယ်အောင်မြင်မှုကို ရရှိနိုင်ကြမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူအချို့သည် စာသင်ကျောင်း၏ပြင်ပတွင် မိမိတို့သဘောဆန္ဒအတိုင်း လွတ်လပ်စွာ နေထိုင်ကျင့်ကြံတတ်ကြသည်။ ကိုယ်ကျင့်တရားသည် အတတ်ပညာနှင့်မဆိုင်၊ အသိပညာနှင့်သာဆိုင်သည်။ ကျန်းမာရေးကို ထိခိုက်စေသော၊ အကျင့်စာရိတ္တပျက်ယွင်းစေသော အပြုအမူ အမူအကျင့်တို့၏ ဆိုးကျိုးများကို သိရှိစေရန် ဆရာ ဆရာမများက စာသင်ကြားရင်း သွန်သင်ဆုံးမပေးရမည် ဖြစ်သည်။

စေတနာ၊ ဝါသနာ၊ အနစ်နာခံဟူသော နာသုံးနာနှင့် ပြည့်စုံသည့် ဆရာ ဆရာမများသည် ကျောင်းသားများအတွက် စံပြပုဂ္ဂိုလ်များအဖြစ် ကျင့်ကြံနေထိုင်ရင်း ကျောင်းသားလူငယ်များကို ပညာပေးနေရပေမည်။

ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ အောင်မြင်မှု အဖြေကောင်းကို ရရှိနိုင်ရန်မှာ မိဘ၊ ဆရာနှင့်ကျောင်းသား သုံးပွင့်ဆိုင် မျှမျှတတ ပူးပေါင်းနိုင်ရန် လိုပေသည်။ သို့မှသာ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ထက်မြက်ကာ လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှု စစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ မကွေးတိုင်း မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒ စက်ရုံစု မန်းသံပုရာကန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

စက်စွမ်းအားပြည့်လည်ပတ်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စွမ်းဆောင် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ရက် နံနက်ပိုင်းက မကွေးတိုင်း မင်းလှမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတုဗေဒစက်ရုံစု (မန်း)သံပုရာကန်သို့ သွားရောက်စစ်ဆေးရာ ဝန်ကြီးအား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးဇော်ဝင်းက (မန်း) သံပုရာကန် ရေနံဓာတုဗေဒစက်ရုံစု၏ ရေနံစိမ်းလက်ခံရရှိမှု၊ ဓာတ်ဆီ၊ ဒီဇယ်ဆီချက်လုပ်မှုနှင့် သိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ စက်ရုံ၏ လက်ရှိလည်ပတ်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ထို့နောက်ဝန်ကြီးက စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံ လည်ပတ်မှု အခြေအနေ၊ ဆိပ်ကမ်းတွင် ဆီအတင်အချဆောင်ရွက်မှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ ယင်းနောက် ဝန်ကြီးသည် စက်ရုံစုဝေးခန်းမ၌ ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံပိုင် ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးသွားရေး၊ စက်ရုံစွမ်းအားပြည့်ဖြင့် ပုံမှန်လည်ပတ်နိုင်ရေးတို့အတွက် ဝန်ထမ်းများအားလုံး မိမိတို့ကျရာ ကဏ္ဍမှ ကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် မင်းဘူးမြို့ရှိ ထောက်ရှာပင်၊ ကမ်းနီ ရေနံမြေ ရေနံစိမ်း လက်ခံသိုလှောင်စခန်းသို့ရောက်ရှိပြီး ရေနံစိမ်းလက်ခံသိုလှောင်မှုအခြေအနေ၊ ရေနံချက်စက်ရုံသို့ ပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အချိန်မီပြီးစီးရေးမှာကြား

ထို့နောက် ဝန်ကြီးသည် ထောက်ရှာပင်ရေနံမြေတွင်းသစ် အမှတ်(၇၂၉) တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရေနံမြေအထွေထွေမန်နေဂျာဦးနုက တွင်းသစ်အမှတ်(၇၂၉)တူးဖော်နေမှုအခြေအနေနှင့် အလားအလာများကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးမှာကြားပြီး တွင်းသစ်တူးဖော်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ထောက်ရှာပင်တွင်းအမှတ်(၇၂၀)မှ ရေနံစိမ်းထုတ်လုပ်နေမှုအခြေအနေနှင့် ထပ်မံတူးဖော်မည့် တွင်းသစ်အမှတ်(၇၃၀)အား တွင်းနေရာပြင်ဆင်ခြင်း ဆောင်ရွက်နေမှုလုပ်ငန်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၉-၆-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၅း၁၀	၆။	မျိုးချစ်တပ်မတော်
၅း၂၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသ သတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၅၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"**(အပိုင်း-၂၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	FIFA World CUP Germany 2006 ဘောလုံးပွဲ Germany Vs Costarica (Live)

၁၀-၆-၂၀၀၆ (နံနက်ပိုင်း)

	၁။	FIFA World CUP Germany 2006 ဘောလုံးပွဲ Poland Vs Ecuador (Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၆ (သောကြာ)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရား
၇း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ချစ်စရာကျေးလက်ဓလေ့နှင့် မိရိုးဖလာအိုးလုပ်ငန်း
၇း၂၅	မိုးလေဝသခန့်မှန်းချက်
၇း၃၀	ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ (Revelon နှင့် Canon)
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	မြန်မာစာ၊ မြန်မာစကား(၅)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၈း၃၅	ထူးမြတ်သာသနာ သဲအင်းဝိပဿနာ
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	World Cup Special (Group-G)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ (အပိုင်း-၂)
၉း၅၅	ဆက်သွယ်လုံခြုံနည်းအဖုံဖုံ
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	နိုင်ငံတကာစံချိန်မီ လက်ကိုင်အိတ်နှင့် ဖိနပ်လေးများ
၁၀း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	Myanmar Video Rhythm
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	လက်ယှက်သစ်ချောင်းပုံဖော် သစ်ထုတ်လုပ်မှုလုပ်ငန်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သီတာဦး ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၄ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျော်ဖြူ အမှာစကား ပြောကြားစဉ်။ (၁၉၂)

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားခရိုင် စီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၈

ပျဉ်းမနားခရိုင် ၂၀၀၆–၂၀၀၇ခု နှစ်စဉ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၆ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့ရှိ မင်္ဂလာကန်တော်ခန်းမဥ္စကျောင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ နှင့် စိုက်ပျိုးရေးကြီးကြပ်ညှိနှိုင်းမှုကော်မတီဝင်များ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက် တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်း အမှာစကားပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား စီမံကိန်းတာဝန်များကို ပေးအပ်ပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့တပ်မတော်ချစ်ကြည်ရေးအဖွဲ့ဝင်များ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ပြခန်းများလေ့လာ

ရန်ကုန် ဇွန် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin ဦးဆောင်သောအဖွဲ့ဝင်ခြောက်ဦးပါ လေ့ကျင့်ရေးဆိုင်ရာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ် ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်ကြပြီး ဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းအား တွေ့ဆုံနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ခွန်းဆက်

ထို့နောက် ဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယ ကျောင်းအုပ်ကြီး Rear Admiral Li Tiemin က နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာ–တရုတ် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ သင်ကြားမှုဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးကြပြီး ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းက နိဂုံးချုပ်စကား ပြောကြားသည်။

အပြန်အလှန်ပေးအပ်

ထို့နောက် ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒုတိယကျောင်းအုပ်ကြီးနှင့်အဖွဲ့ဝင်များအား နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယကျောင်းအုပ်ကြီး နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အတွင်းရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ညပိုင်းတွင် ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းသည် ဒုတိယကျောင်းအုပ်ကြီးနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

သံအမတ်ကြီးဦးထိန်ဝင်းအားပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံမတ်ကြီး ဦးထိန်ဝင်းအား အာဂျင်တီးနားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဆူးလေစေတီတော် ရွှေသင်္ကန်း ကပ်လှူရေးအတွက် P(9)၊ ငွေယမုံ ရိပ်မွန် ဒေါပုံမြို့နယ်မှ ဦးသက်ဇော်–ဒေါ်ထားထားနွယ်မိသားစုက ဦးသက်ဇော်၏ မွေးနေ့အလှူ မြတ်ဒါနအဖြစ် ရွှေစင်ရွှေသား တစ်ကျပ်သား ကိုးလက်မပတ်လည် တစ်ချပ်အတွက် ငွေကျပ် သုံးသိန်း ငါးသောင်းကို ဂေါပကအဖွဲ့ဝင် ဦးချစ်အေးထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် နယုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)
၉–၆–၂၀၀၆ရက်(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု အဘိဓဇ မဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနယဉ်
၈:၂၀	၈။	မအီချောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀	၅။	မြန်မာစာ၊ မြန်မာစကား
၁၇:၁၅	၆။	နှောင်းခေတ်တေးပဒေသာ
၁၇:၃၀	၇။	**"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၂)
		ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဆောင်းနှင်းဝေ၊ ပြည့်ဖူးခိုင်၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး၊ နီနီရွှေရည်၊ (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၄၀	၈။	အမြင်သစ်အသွင်သစ်တို့ကျေးရွာ (ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ပင်ဖြစ်စံပြကျေးရွာ)
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း–၁၆)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း–၁၃)

ကုန်သည်၊စက်မှုအသင်းချုပ်အတွက် ကွန်ပျူတာနှင့်ပရင်တာများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၈

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်အတွက် ကွန်ပျူတာနှင့် ပရင်တာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၆ရက် မွန်းတည့် ၁၂နာရီက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံ၌ ကျင်းပသည်။

လက်ခံရယူ

အခမ်းအနားတွင် Mr. William Lung Ng, Trade Representative of Republic of Nauru Trade Promotion Office in the Union of Myanmar and Charman of China Nauruam Entrepreneurs Association က ကုန်သည်၊ စက်မှု အသင်းချုပ်အတွက် TCL Branded Computer နှင့် Printer (Complete Set)၁၅စုံ ပေးအပ် လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ကွန်ပျူတာနှင့် ပရင်တာများပေးအပ်လှူဒါန်းရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အကြံပေးပုဂ္ဂိုလ် ဒေါက်တာကျော်ထင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်တို့ကလက်ခံရယူပြီး**(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိုင်အမ်ဘီအေအသင်းဂုဏ်ပြုပွဲ

ရန်ကုန် ဇွန် ၈

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် အခမ်းအနားများတွင် လူအား၊ ငွေအားဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် YMBAအသင်းအမှုဆောင်များအား ဂုဏ်ပြုပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီတွင် အသင်းတိုက်၌ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ **(၃၅၂)**

တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၈

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာမဉ္ဇူဓမ္မရိပ်သာ၌ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီးဦးသန်း ဦးဆောင်ပြီး မြန်မာလပြည့်ကျော် ၈ရက် နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် အကြိမ် (၅၀)မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇွန်၁၈ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၆၆၃၈၀၂သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့်နေ့တွင် နံနက် ၇နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇမ္ဗူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၇၀၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

အီရတ် ၂၄ဦးအား ကန်တပ်ဖွဲ့ဝင်များသတ်ဖြတ်မှုဖော်ထုတ်ရန် ဘုရှ်အစိုးရအား အထက်လွှတ်တော်အမတ်များတောင်းဆို

ဝါရှင်တန် ဇွန် ၈

လက်နက်မဲ့ အီရတ်ပြည်သူ ၂၄ ဦးကို အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက သတ်ဖြတ်သည်ဆိုသည့် ဟာဒီသာ အဖြစ်အပျက်ကို သမ္မတဘုရှ်အစိုးရအနေဖြင့် အမြန်ဆုံးထုတ်ဖော်ပြရန် အမေရိကန်အထက်လွှတ်တော်အမတ်များက အင်္ဂါနေ့တွင် တောင်းဆိုလိုက်သည်။

အဖတ်ဆယ်နိုင်မည်

ယင်းကိစ္စ အမြန်ဆုံးအရေးယူဆောင်ရွက်ခြင်းသည်သာ အမေရိကန်စစ်တပ်၏ ပုံလွှာနှင့် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံတကာ ဆက်ဆံရေးကို အဖတ်ဆယ်နိုင်မည်ဖြစ်ကြောင်း အထက်လွှတ်တော်အမတ်များက ပြောကြားသည်။

အမေရိကန်အထက်လွှတ်တော် လက်နက်ကိုင်တပ်များဆိုင်ရာ ကော်မတီက ထိုကိစ္စကို မကြာမီကြားနာရန် စီစဉ်ထားပြီး အဖြစ်မှန်ကို အမေရိကန်စစ်ဘက်က ဖုံးဖိရန် ကြိုးပမ်းမှု ရှိမရှိဆုံးဖြတ်မည်ဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲအနေဖြင့် ထိုအချင်းဖြစ်မှုကို မည်သည့်အခါတွင် သိရှိပြီး မည်သို့ အရေးယူဆောင်ရွက်သနည်း ဟူသော မေးခွန်းမျိုးကို ကော်မတီက မေးရမည်ဖြစ်ကြောင်း အထက်လွှတ်တော်အမတ် စူစန်ကောလင်းက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ကျန်စုပြည်နယ်တွင် သိမ်းဆည်းရမိသော တရားမဝင် လက်နက်များကို ဇွန် ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကာကွယ်ဆေးထိုးပေး

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ် ဂျကာတာမြို့တွင် ငလျင်ဒဏ်ခံရသူ များအား ဝက်သက်နှင့်မေးခိုင်ကာကွယ်ဆေးများ ထိုးပေးနေသည်ကို ဇွန် ၆ရက်က တွေ့ရစဉ်။

(ကျန်းမာရေးဝန်ထမ်းများသည် အင်ဒိုနီးရှားပြည်သူ တစ်သန်းကျော်အား ကာကွယ်ဆေးများ ထိုးပေးလျက်ရှိကြောင်း ကုလသမဂ္ဂမှ တာဝန်ရှိသူများက ပြောကြားသည်။)

(ဓာတ်ပုံ–အင်တာနက်)

အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံးစက်ရုံ ပေါ်တူဂီတောင်ပိုင်း၌ တည်ဆောက်

လစ္စဘွန်း ဇွန် ၈

ပေါ်တူဂီနိုင်ငံတောင်ပိုင်း အလန်တီဂျိုဒေသ၌ ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး စက်ရုံကြီး **(အောက်ပုံ)**ကို ဇွန်၆ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း ဂျင်နရယ် အီလက်ထရွန်နစ်ကုမ္ပဏီက ပြောကြားသည်။

အဆိုပါကုမ္ပဏီသည် နေရောင်ခြည် စွမ်းအင်သုံးစက်ရုံကြီး တည်ဆောက်ရေးအတွက် ဒေါ်လာ၇၅သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း စက်ရုံ၏ အကျယ်အဝန်းမှာ ဟက်တာ၆၀ရှိကြောင်း သိရသည်။ ယင်းဆိုလာစွမ်းအင် စက်ရုံကြီးမှ လျှပ်စစ်ဓာတ်အား၁၁မဂ္ဂါဝပ် ထုတ်လုပ်ပေးကာ နေအိမ် ၈၀၀၀ အား လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းဆိုလာ စွမ်းအင်စက်ရုံကြီးသည် ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးလိမ့်မည်ဖြစ်ကြောင်း သိရသည်။ ထိုစက်ရုံကြီးမှာလစ္စဘွန်းမြို့၏ အရှေ့တောင်ဘက် ၁၂၅မိုင်အကွာ ဘာပါမြို့အနီး၌ တည်ရှိသည်။ ယင်းစီမံကိန်းကြောင့် ပေါ်တူဂီနိုင်ငံ၏ စွမ်းအင်တင်သွင်းမှုကို သက်သာစေနိုင်ပြီး ဖန်လုံအိမ် အာနိသင်ကြောင့် ကမ္ဘာကြီးပူနွေးလာခြင်းကို လျှော့ချရာတွင် အထောက်အကူပေးနိုင်လိမ့်မည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ

သတင်းထောက်များ၏အခွင့်အရေး ကယ်လီဖိုးနီးယားတရားရုံးထောက်ခံ

စကရာမင်တို ဇွန် ၈

ဝက်ဘ်ဆိုက်ပေါ်သို့ သတင်းများတင်သည့် သတင်းစာဆရာများအနေဖြင့် အခြားသတင်းစာဆရာများ ကဲ့သို့ပင် တူညီသည့် အခွင့်အရေးများရှိကြောင်း ကယ်လီဖိုးနီးယားပြည်နယ်တရားရုံးတစ်ရုံးက စီရင်ဆုံး ဖြတ်လိုက်သည်။

အက်ပဲကုမ္ပဏီက ယင်း၏အနာဂတ်ထုတ်လုပ်မှုအကြောင်း ဝက်ဘ်ဆိုက်၌တင်သည့်သတင်းထောက်များအား တရားစွဲဆိုရာတွင် ကယ်လီးဖိုးနီးယားတရားရုံးက အထက်ပါအတိုင်း ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

တရားစွဲ

အက်ပဲကုမ္ပဏီကသတင်းထောက်များ ရရှိသည့် သတင်းမူလဖြစ်သော သတင်းပေးသူများကို ဖော်ထုတ်ပေးရန် တရားစွဲဆိုခြင်း ဖြစ်သည်။

သို့သော် ကယ်လီဖိုးနီးယားပြည်နယ်တရားသူကြီးများက မူလသတင်းရရှိသည့် သတင်းပေးများကို လျှို့ဝှက်ထားရှိရေးမှာ သမားရိုးကျ သတင်းစာဆရာများ ကဲ့သို့ပင် ကွန်ပျူတာအင်တာနက်သတင်းစာ ဆရာများအတွက်လည်း ထားရှိရမည်ဟု ဆုံးဖြတ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အားကယ်လီဖိုးနီးယားပြည်နယ်၏ ရှီးလ်ဥပဒေနှင့် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတို့က အကာအကွယ် ပေးထားကြောင်း ပြောကြားလိုက်သည်။

ပြောကြား

ကယ်လီဖိုးနီးယားပြည်နယ်တရားသူကြီးများ၏ ဆုံးဖြတ်ချက်မှာ မည်သည့်သတင်းစာဆရာမဆို သတင်းစာဆရာများ၏ အခွင့်အရေး အတွက် အောင်ပွဲတစ်ရပ်ဖြစ်ကြောင်း သတင်းစာဆရာများ အကာအကွယ် ပေးရေးအဖွဲ့တစ်ခုဖြစ်သည့် အီလက်ထရွန်နစ်ဖရန့်တီယာ ဖောင်ဒင်းရှင်း၏ ရှေ့နေ ကုအော့ဆာလ်က ပြောကြားလိုက်သည်

(အင်တာနက်)

စင်ကာပူ၌မင်္ဂလာစုံတွဲ၃၁၀စုပေါင်းလက်ထပ်ပွဲကျင်းပ

စင်ကာပူ ဇွန် ၈

စင်ကာပူနိုင်ငံတွင် ဇွန် ၆ရက်က မင်္ဂလာမောင်နှံစုံတွဲပေါင်း ၃၁၀စုပေါင်း လက်ထပ်ပွဲဆင်နွှဲခဲ့ကြကြောင်း နယူးအာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယခုကဲ့သို့ စုပေါင်းလက်ထပ်ခြင်းသည် ၁၉၉၅ခုနှစ် “ချစ်သူများနေ့”မှ စတင်ကာ အရေအတွက်အများဆုံး စုပေါင်းလက်ထပ်ကြခြင်းဖြစ်သည်။ ၁၉၉၅ခုနှစ် ချစ်သူများနေ့၌ တစ်နေ့တည်းတွင် မင်္ဂလာစုံတွဲ ၅၀တို့ လက်ထပ်ခဲ့ကြသည်။

ယခုကဲ့သို့ လက်ထပ်ခြင်းမှာ တရုတ် လူမျိုးတို့ အယူအဆအရ ခြောက်ဂဏန်းမှာ ကံကောင်းခြင်းကို ဖြစ်စေကြောင်း၊ ထို့ကြောင့် လက်ထပ်ခြင်းကို ၆ရက်နေ့၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အချို့ မင်္ဂလာစုံတွဲများကမူ အဆိုပါ နေ့ရက်သည် ခြောက်ဂဏန်းများ သုံးကြိမ်ပါဝင်သော ရက်စွဲဖြစ်သဖြင့် မှတ်သားရခြင်း လွယ်ကူသောကြောင့် လက်ထပ်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

ထို့အတူ အဆိုပါ ခြောက်ရက်နေ့၌ စင်ကာပူတွင် ကလေးငယ်ပေါင်းများစွာလည်း နေ့ကောင်းတစ်ခုအဖြစ် သတ်မှတ်ကာ မွေးဖွားခဲ့ကြသည်။

အမ်အင်အေ၊အင်ဟွာ

စင်ကာပူနိုင်ငံ၌ ကျင်းပသော စုပေါင်းလက်ထပ်ပွဲ မြင်ကွင်းကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်စစ်ပွဲစတင်သည့်မှ ယနေ့အထိ တူရကီ ၁၀၀ ကျော် အီရတ်၌ အသတ်ခံကြရ

အန်ကာရာ ဇွန် ၈

၂၀၀၃ခုနှစ် မတ်လတွင်အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်နိုင်ငံအား ကျူးကျော်ပြီးနောက်ပိုင်း အီရတ်နိုင်ငံ၌ တူရကီပြည်သူ၁၀၀ ကျော် အသတ်ခံလိုက်ရကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဂါးလ်က တနင်္လာနေ့တွင် ပြောဆိုသည်။ အသတ်ခံရသည့် တူရကီပြည်သူအားလုံးနီးပါးမှာ ထရပ်ကားယာဉ်မောင်းများဖြစ်ကြသည်။

အီရတ်နိုင်ငံ၌ အဖမ်းခံရသည့် တူရကီနိုင်ငံသား စုစုပေါင်း၈၆ယောက်ရှိသည့်အနက် ၅၉ဦးကို ပြန်လွှတ်လိုက်ကြောင်းဖြင့်လည်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ပြောဆိုသည်။

အီရတ်နိုင်ငံတွင်းသို့ ကုန်ပစ္စည်းများ တင်ပို့စဉ် ထရပ်ကားယာဉ်မောင်းအများစုမှာ အီရတ်နိုင်ငံလမ်းပေါ်တွင် သေနတ်သမားများ၏ သတ်ဖြတ်ခြင်းသို့မဟုတ်ပြန်ပေးဆွဲခြင်းခံကြရသည်။

အမ်အင်အေ၊ဆင်ဟွာ

ရေနံဈေးနှုန်းမြင့်တက်မှု အမေရိကန်ကားများ အရောင်းကျ ဂျပန် တိုယိုတာနှင့် ဟွန်ဒါကားများ ရောင်းအားတက်

တိုကျို ဇွန် ၈

ရေနံဈေးနှုန်းမြင့်တက်မှုကြောင့် အမေရိကန်၏ ကားထုတ်လုပ်မှုကို ထိခိုက်နေချိန်တွင် ဂျပန်မှတိုယိုတာနှင့် ဟွန်ဒါကားများရောင်းအား မြင့်တက်ခဲ့ကြောင်း နေးရှင်းသတင်းစာတွင် ဇွန် ၆ရက်၌ ဖော်ပြသည်။

ဂျင်နရယ် မော်တော်ကား အရောင်းမှာ ၂၀၀၅ခုနှစ် မေလနှင့် နှိုင်းစာလျှင် ၁၂ရာခိုင်နှုန်းရောင်းအား ကျဆင်းသွားကြောင်း၊ ထိုအတော အတွင်း ဖို့ဒ်မော်တော်ကား ရောင်းအားမှာ နှစ်ရာခိုင်နှုန်းကျဆင်းပြီး ဒိန်မလာခရိုင် စလာကားရောင်းအားမှာ ၁၁ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကြောင်း ဂျင်နရယ်မော်တော်ကား ကုမ္ပဏီက ပြောကြားသည်။

ရောင်းအားတက်နေသော ဂျပန်နိုင်ငံလုပ်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြင့်တက်

ထိုအချိန်တွင် တိုယိုတာနှင့် ဟွန်ဒါမော်တော်ကား ကုမ္ပဏီများက ဆီစားသက်သာသော ကားများဝယ်လိုအားမြင့်မားလာ၍ ဂဏန်းနှစ်လုံး ရောင်းအား မြင့်တက်ခဲ့ကြောင်း သိရသည်။

တိုယိုတာကုမ္ပဏီက စုစုပေါင်း ရောင်းအား ၁၇ရာခိုင်နှုန်းမြင့်တက်လာပြီး ဟွန်ဒါ၏ ကားအရောင်းမှာ ၁၆ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ပြောကြား

ဧပြီလမှစတင်က ဓာတ်ဆီဈေးများ မြင့်တက်ခဲ့မှုကြောင့် ကားအရောင်း ထိခိုက်ခဲ့ကြောင်း ဂျီအမ်မှ အမှုဆောင်ဒါရိုက်တာ ပေါ်ဘယ်လူးက ပြောကြားသည်။

ဂျီအမ်နှင့် အမေရိကန်လုပ်ကားများသည် ဆီစားသက်သာခြင်းမရှိသော ယင်းတို့၏ကားများအတွက် ရောင်းချရန် အခက်အခဲဖြစ်စေခဲ့သည်။

(နေးရှင်း)

အမေရိကန်၏ လူမှောင်ခိုကူးမှုဆိုင်ရာအစီရင်ခံစာ အခြေအမြစ်မရှိ၍ ဗင်နီဇွဲလားပယ်ချ

ကာရာကတ် ဇွန် ၈

ဗင်နီဇွဲလားနိုင်ငံ၏ လူမှောင်ခိုကူးမှု တိုက်ဖျက်ရေးလုပ်ဆောင်ချက်သည် အားနည်းလျက်ရှိသည်ဟု စံနှုန်းသတ်မှတ်ထားသော အမေရိကန်၏ အစီရင်ခံစာကို ဗင်နီဇွဲလားအစိုးရက ဇွန် ၆ရက်က ပယ်ချလိုက်သည်။

ယင်းသို့ ပြုမူခြင်းသည် ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်၏ ဂုဏ်သိက္ခာကျဆင်းအောင် ကြိုးပမ်းခြင်းသာဖြစ်သည်ဟု ပြောကြားလိုက်သည်။

ထုတ်ပြန်

ဗင်နီဇွဲလား ဥပဒေပြုအဖွဲ့မှ လူမှောင်ခိုကူးမှု တိုက်ဖျက်ရေးနှင့် ပတ်သက်သော ဥပဒေများကို ခွင့်ပြုလိုက်ပြီး အစိုးရသည် လူမှောင်ခိုကူးမှုချေမှုန်းရေးအတွက် ၂၀၀၆ ခုနှစ် ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၇၀၀၀၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း အမေရိကန်နိုင်ငံရှိ ဗင်နီဇွဲလားသံရုံးမှ အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

စာရင်းသွင်း

အမေရိကန်နိုင်ငံသည် အဆိုးဆုံး ဥပဒေချိုးဖောက်သည့် အဆင့်သုံး စံနှုန်းသတ်မှတ်ထားသော ၁၂ နိုင်ငံတွင် ဗင်နီဇွဲလားကို စာရင်းသွင်းထားသည်။

ကြိုးပမ်းဆောင်ရွက်

ပြီးခဲ့သော ၁၂ လတာ ကာလအတွင်းက ဗင်နီဇွဲလားအာဏာပိုင်များသည် လူမှောင်ခိုကူးခြင်းခံရမည့်သူများအား အကာအကွယ်ပေးမှုများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး မှောင်ခိုကူးသူများကို ပြစ်ဒဏ်များပေးခဲ့သည်။

ထို့အပြင် ရဲတပ်ဖွဲ့နှင့်အစိုးရဌာနများကိုလည်း ယင်းပြဿနာဖြေရှင်းရန်အတွက် အကူအညီများ ပေးခဲ့သည်ဟု ဗင်နီဇွဲလားသတင်းစာများက ဖော်ပြကြသည်။

ထို့ကြောင့် အမေရိကန်၏ စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

သမုဒ္ဒရာအပူချိန် မြင့်မားလာသော်လည်း သန္တာကောင်များရှင်သန်နိုင်

ကင်ဘာရာ ဇွန် ၈

တစ်ကမ္ဘာလုံး ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲရလဒ်တစ်ခုဖြစ်သော သမုဒ္ဒရာအပူချိန်မြင့်မားလာမှုကို အချို့သော သန္တာကျောက်တန်းများ **(အပေါ်ပုံ)** က လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲရှင်သန် လာနိုင်သည်ဟု ဆိုသည်။

သန္တာကောင်များသည် ရေမှော်များနှင့် နီးကပ်စွာ ပေါင်းဖက်ရှင်သန်သည်။ သို့သော် အပူချိန်မြင့်တက်လာသောအခါ ရေမှော်များ ပျက်စီးသွားပြီး သန္တာကောင်များ သေကုန်သည်။ သန္တာကောင်များ သေကုန်သောအခါ အရောင်ကျွတ်ပြီး သန္တာကျောက်တန်းများ ဖြူကုန်သည်။

ယခုအခါ အပူချိန်မြင့်တက်မှုကို ခံနိုင်သည့် မှော်ပင်မျိုးကို သန္တာကောင်များက ဖန်တီးပေးကောင်းပေးနိုင်သည်ကို သြစတြေးလျ သိပ္ပံပညာရှင်များက တွေ့ထားသည်ဆို၏။

ယင်းတွေ့ရှိချက်မှာ ကြီးမားသော ဂေဟစနစ် ကောင်းကျိုးတစ်ရပ်ဖြစ်ကောင်းဖြစ်နိုင်ချိန်တွင် လာမည့်နှစ်၁၀၀အတွင်း ပင်လယ်အပူချိန် တိုးလာမှုကို ထိုအရေအတွက်ဖြင့် ထိန်းထားနိုင်မှ တားနိုင်ပေမည်။ သို့သော် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များလျှော့ချရန် စီစဉ်ဆောင်ရွက်စဉ် အချိန်ဆွဲထားရန် လုံလောက်မည်ဖြစ်ကြောင်း သြစတြေးလျ အဏ္ဏဝါသိပ္ပံဌာနမှ ပညာရှင်များက ရေးသားဖော်ပြသည်။

(အင်တာနက်)

မြန်မာ့အလင်း သတင်းများ နိုင်ငံတကာ

ထိုင်းသဘာဝဘေးဒဏ်ခံရသူများ ထောက်ပံ့ကြေးငွေထုတ်ပေးမည်

ဗန်ကောက် ဇွန် ၈

ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် ထိခိုက်နစ်နာခဲ့သောပြည်သူများအား ထောက်ပံ့ရန်အတွက် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၄၂ သန်းသုံးစွဲရန် ဝန်ကြီးများအဖွဲ့က ဇွန် ၆ ရက်၌ အဆိုပြုခဲ့ကြသည်။

ယင်းရန်ပုံငွေကို ၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကြိုတင်လျာထားငွေဖြစ်သော နိုင်ငံတော် ဘတ်ဂျက်မှ ထုတ်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးများ အပတ်စဉ်အစည်းအဝေးအပြီးတွင် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ နာပေါင်က မီဒီယာများသို့ ပြောကြားသည်။

ထိုအစီအစဉ်အရ မကြာမီက ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်တွင် လူသေဆုံးမှုနှင့် ပျောက်ဆုံးမှုရှိခဲ့သော မိသားစုများအား ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင်ဒေါ်လာ ၅၂၆ ဒေါ်လာရရှိမည်ဖြစ်ပြီး ဒဏ်ရာရရှိသူများတွင် ဒဏ်ရာပြင်းထန်သူသည် တစ်ဦးလျှင် ဒေါ်လာ ၁၃၂ ဒေါ်လာနှင့် အနည်းငယ် ဒဏ်ရာရရှိသူသည် ၅၂ ဒသမ ၆ ဒေါ်လာအသီးသီး ရရှိကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဖက်ရှင်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဖက်ရှင်ပြပွဲ၌ အလှမယ်တစ်ဦးက ဆန်းကြယ်သော ဖက်ရှင်ပုံစံကိုပြသနေစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် မေ၅ရက်က ကျင်းပသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် ဖက်ရှင်ပြပွဲတစ်ရပ်၌ အလှမယ်တစ်ဦးက စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းပုံများကို ဦးခေါင်းတွင် အလှဆင်ကာ စက်ရုံ၊ အလုပ်ရုံများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးရသည်ကို ဒီဇိုင်းတီထွင်ပြီး ဟန်ရေးပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ချောကလက်ဘောလုံး

ချောကလက်များဖြင့် ပြုလုပ်ထားသော ဘောလုံးတစ်လုံးကို တွေ့ရစဉ်။ (အပေါ်ပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဝင်ရောက်ဆင်နွှဲမည့် ဂျပန်အသင်းအား ဂုဏ်ပြုသောအားဖြင့် အားကစားဆုတံဆိပ်ပုံမုန့်များ၊ ကမ္ဘာ့ဖလားပုံ ရေခဲမုန့်များနှင့် ချောကလက်များဖြင့် ပြုလုပ်ထားသော ဘောလုံးကြီးတစ်လုံးကို ပါ အများပြည်သူတို့ ကြည့်နိုင်ရန် ပြုလုပ် ပြသထားကြောင်း သိရသည်။

(အင်တာနက်)

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ယနေ့စတင်ပြီ အိမ်ရှင်ဂျာမနီအသင်း အနိုင်ရမည်

မောင်ရဲဝင်း (ဝါရင့်အားကစားကလောင်ရှင်)

"အိမ်ရှင်ဂျာမနီအသင်း ပွဲဦးထွက်လည်းဖြစ်၊ အနိုင်ရအောင်ကစားမယ့်ပွဲလဲဖြစ်"။ ဝါရင့်အားကစားကလောင်ရှင် ဆရာမောင်ရဲဝင်း။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၈

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဇွန် ၉ရက် (ယနေ့ည) မြန်မာစံတော်ချိန် ၁၀ နာရီခွဲ၌ စတင်ယှဉ်ပြိုင်ကစားတော့မည်။ ဘောလုံးဝါသနာရှင်အိုးများလည်း ကြည့်ရှုဖို့ ပြင်ဆင်နေကြပြီ။ ယနေ့ပထမဆုံး ကစားမည့် အိမ်ရှင်ဂျာမနီနှင့် ကော့စတာရီကာအသင်းတို့ ပွဲစဉ်နှင့်ပတ်သက်၍ မြန်မာ့အလင်း ဘောလုံးဝါသနာအိုးများ သိရှိနိုင်ရန် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအသင်း နာယကနှင့် အာဆီယံ အားကစား ကလောင်ရှင်များအသင်း နာယက ဝါရင့် ဆောင်းပါးရှင် ဆရာမောင်ရဲဝင်း (ဦးထွန်းသာ)၏ ပွဲကြိုသုံးသပ်မှုကို တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

အရေးကြီး

အိမ်ရှင်ဂျာမနီအသင်းယခုပွဲအပေါ်ထားရှိမည့် စိတ်ဓာတ်နှင့်ပတ်သက်၍ **"ဒီပွဲဟာ ဂျာမနီတို့အတွက် အလွန်အရေးကြီးပါတယ်၊ ပွဲဦးထွက်လည်းဖြစ်၊ အနိုင်ရအောင်ကစားမယ့်ပွဲလဲဖြစ်တဲ့အပြင် အိမ်ရှင်ဂျာမနီအသင်းရဲ့ ခြေစွမ်းကိုလဲပြရမယ်ဆိုတော့ အမြင့်ဆုံး စိတ်ဓာတ်နှင့် ကစားသွားမှာပါ"**ဟု ပထမဦးစွာ ပြောကြားသည်။

ပွဲဦးထွက်

ထို့အပြင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်း၌ ပွဲဦးထွက်ပွဲစဉ်များသည် သရေပွဲများဖြစ်လေ့ရှိရာ ထိုအစဉ်အလာကို ဂျာမနီတို့ချေဖျက်နိုင်အောင် ကြိုးစားမည်ဖြစ်သည်။

ယခုပွဲရလဒ်နှင့် ပတ်သက်၍ မေးမြန်းရာတွင် "ဂျာမနီတို့အုပ်စု(က) မှာအုပ်စုဗိုလ်ဖြစ်ရေး ဒီပွဲဟာအရေးကြီးတယ်၊ ဂိုးပြတ်သွင်းနိုင်ရမှာပါ၊ ဂိုးများများသွင်းနိုင်မှ တော်ကာကျမယ်ဆိုတော့ ခြေကုန်ထုတ်ကစားတာတွေ့ရမှာဖြစ်ပါတယ်၊ ဂိုးပြတ်သွင်းအနိုင်ရမှာပါ၊ ပွတ်ကာ သီကာအနိုင်ရမယ့် ရလဒ်မျိုးတောင်မရှိနိုင်ပါဘူး၊ ပရိသတ်ကလည်း ဂျာမနီကိုတစ်ခဲနက်အားပေးမှာဆိုတော့ ဂိုးပြတ်ဖို့သေချာပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဂျာမနီအနိုင်

ကံအကြောင်းတရားအရ ပွဲရလဒ်ပြောင်းလဲနိုင်မှု ရှိမရှိအပေါ် "ဒီပွဲမှာ မတော်တဆဖြစ်ရပ်၊ ကံမကောင်းခြင်းဆိုတဲ့အချက်တွေကြောင့်လည်း ရလဒ်မပြောင်းလဲနိုင်ပါဘူး၊ သရေတောင်မဖြစ်နိုင်ပါဘူး၊ ဂျာမနီတို့ နိုင်ကိုနိုင်မယ့်ပွဲပါ"ဟု မောင်ရဲဝင်းက ခိုင်ခိုင်မာမာ ပြောကြားသည်။

မိုက်ကယ်ဘောလက်

ဂျာမနီတို့ ဂိုးသွင်းနိုင်မှုအပေါ် မေးမြန်းရာ "ဂျာမနီ တိုက်စစ်မှူးတွေဖြစ်တဲ့ မိုက်ကယ်ဘောလက်နှင့် ကလိုဆေးတို့ ရနိုင်သမျှဂိုးတွေသွင်းပါလိမ့်မယ်၊ဘာဖြစ်လို့လဲဆိုတော့ကမ္ဘာ့ဖလားပွဲမှာ ဂိုးသွင်းဘုရင်ဆုချိန်နေသူတွေမို့ ဂိုးများများရအောင်သွင်းဖို့ အစွမ်းကုန်ကြိုးစားကြမှာပါ"ဟု ဖြေကြားသည်။

ကော့စတာရီကာ

ပွဲဦးထွက်ကော့စတာရီကာအသင်းနှင့် ပတ်သက်၍ အခြေအနေကိုပြောကြားရာ၌ **"ကော့စတာရီကာတို့ ဂျာမနီကို အတွေ့အကြုံ၊ ခြေစွမ်း၊ ဘောလုံးပညာနဲ့ တတ်ကျွမ်းတဲ့ အကြံပေးအုပ်စု အသိုင်းအဝန်းတွေမှာ ဘယ်လိုမှမယှဉ်နိုင်ပါဘူး၊ တစ်ဦးချင်းရော အသင်းလိုက်ပါ ယှဉ်လို့မရဘူး။ ကမ္ဘာ့ဖလားမှာ အချောင်ဗိုလ်စွဲတဲ့ အသင်းမရှိနိုင်ဘူး၊ အချောင်နိုင်တဲ့ပွဲစဉ်လဲမရှိဘူး"**ဟု ပြောကြားသည်။

ပိတ်ကစားလိမ့်မည်

ဂျာမနီအသင်းကို ကော့စတာရီကာတို့မည်သို့ တုံ့ပြန်ကစားနိုင်မှုနှင့် ပတ်သက်၍မေးမြန်းရာ "အိမ်ရှင်ဂျာမနီကို ကော့စတာရီကာတို့သရေကျအောင်ပိတ်ကစားလိမ့်မယ်၊ တိုက်စစ်ထက် ခံစစ်ပိုင်းကို ပိုပြီးအားပြုကာ ဂိုးမပေးရရေးနဲ့ အခွင့်သာမှ တန်ပြန်တိုက်စစ်လောက်ပဲ ထိုးဖောက်ကစားနိုင်မှာပါ၊ ဒီထက်မပိုပါဘူး၊ ခြေရည်တူမကစားနိုင်ဘူးဆိုတာ ကော့စတာရီကာတို့သိပါတယ်၊ ဒါကြောင့်ဒီပွဲမှာ သူတို့ရဲ့အမြင့်ဆုံးမျှော်မှန်းချက်ကတော့ သရေဆိုတဲ့ ရလဒ်ပါပဲ"ဟု ဆရာမောင်ရဲဝင်းက ဖြေကြားသည်။

ယခုအဖွင့်ပွဲစဉ်၌ကော့စတာရီကာတို့ ဂိုးမပေးရရေးနှင့် သရေပွဲဖြစ်ရေးတို့ကို ဦးတည်ပြီး ကစားမည်ဖြစ်ရာ ဂျာမနီတိုက်စစ်မှူးများ မည်သို့ထိုးဖောက်ဂိုးသွင်းမည်၊ မည်သည့်နည်းဗျူဟာများ ခင်းကျင်းမည်ဆိုသည်ကို ယနေ့ည၁၀နာရီခွဲ၌ ရင်ခုန်ခံစားမှုအပြည့်ဖြင့် ကြည့်ရှုနိုင်ကြရန်ရေးသားတင်ပြလိုက်ခြင်းဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ယနေ့ကမ္ဘာ့ဖလားပွဲနှင့် သူ့အမြင်

"အိမ်ရှင်ဂျာမနီနဲ့ ကော့စတာရီကာပွဲမှာ အိမ်ရှင်နိုင်ဖို့ သေချာပါတယ်။ ခြေကွာပါတယ်၊ ဒုတိယပွဲမှာလဲ ပိုလန်ပဲ နိုင်မှာပါ"

ဓာတ်ပုံပညာရှင်နှင့် ဆောင်းပါးရှင်-စိန်မျိုးမြင့်။

— — — — — — — —

ဂျာမနီအသင်း၏ နောက်ဆုံးသတင်း

ယနေ့ကစားမည့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်တွင် ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက် မကစားနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဗျာနုပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇွန်လအတွက်
(၁၁-၆-၂၀၀၆)ရက်နေ့
နှင့်
(၂၅-၆-၂၀၀၆)ရက်နေ့

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

လက်ကိုင်ဖုန်းများ ကင်မရာအဖြစ် ပိုမိုသုံးစွဲလာ

လူအများစုသည် ဓာတ်ပုံရိုက်ရာတွင် ဒီဂျစ်တယ်ကင်မရာများနေရာ၌ ကင်မရာဖုန်းများကို အသုံးပြုလာနိုင်ကြောင်းလေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြထားသည်။

ယင်းလေ့လာတွေ့ရှိချက်မှာ လက်ကိုင်ဖုန်းအသုံးပြုသူ ၄၄ရာခိုင်နှုန်းသည် ယင်းတို့၏လက်ကိုင်ဖုန်းများကို ကင်မရာအဖြစ် အသုံးပြုလာနေပြီဖြစ်ကြောင်း ဖော်ပြနေသည်။

ကင်မရာ

အမ်ပီသရီးပလေယာ သုံးစွဲသူများသည်လည်း အလွန်များပြားလာပြီး ယင်းတို့၏အမ်ပီသရီးပလေယာများနေရာတွင် ကင်မရာပါဖုန်းများ အစားထိုးအသုံးပြုလာနိုင်ကြောင်းလည်း စစ်တမ်းကောက်ယူမှုမှတ်တမ်းများအရ သိရသည်။

လက်ကိုင်ဖုန်းထုတ်လုပ်သည့် နိုကီယာက လေ့လာဆန်းစစ်ရာ ကမ္ဘာတစ်ဝန်း၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၂ဒသမ၅ဘီလီယံရှိလာပြီဖြစ်ကြောင်း တင်ပြထားသည်။

တိုးတက်ထုတ်လုပ်

နိုကီယာဖုန်း သုတေသနအဖွဲ့က ပြည်သူများမည်သို့ မည်ပုံရည်ရွယ်၍ ဖုန်းများကို အသုံးပြုလာနေသည်ကို ဆန်းစစ်၍ ခေတ်မီမိုဘိုင်းလ်ဖုန်းများ အများအပြားတိုးတက် ထုတ်လုပ်လျက်ရှိသည်။

အထူးသဖြင့် အိန္ဒိယနိုင်ငံလို နိုင်ငံများတွင် မိုဘိုင်းလ်ဖုန်းများကို ကင်မရာအဖြစ် အများဆုံးအသုံးပြုလာကြပြီဖြစ်သည်။

လေ့လာဆန်းစစ်

အဆိုပါ နိုကီယာဖုန်းသုတေသနအဖွဲ့က ၂၀၀၆ခုနှစ် နှစ်ဆန်းပိုင်းတွင် နိုင်ငံပေါင်း၁၁နိုင်ငံရှိ အသက်၁၈နှစ်မှ ၃၅နှစ်အတွင်းရှိ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ၅၅၀၀အား လေ့လာဆန်းစစ်ရာမှ အထက်ပါအတိုင်း မိုဘိုင်းလ်ဖုန်းများကို ကင်မရာအဖြစ် သုံးစွဲလာကြောင်း သိရခြင်းဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

အဝလွန်သောမိခင်များ၊ သန္ဓေသားကျန်းမာရေးထိခိုက်နိုင်

ကိုယ်အလေးချိန်များပြားလွန်းသော မိခင်များအနေဖြင့် မိမိဝမ်းဗိုက်အတွင်း မမွေးဖွားရသေးသော သန္ဓေသား၏ကျန်းမာရေးကို ထိခိုက်စေပြီး ကလေးမွေးဖွားရာတွင်လည်း သာမန်ထက်အင်အားကုန်ခန်းမှုကို ပိုမိုဖြစ်ပေါ်စေကြောင်း အင်္ဂလန်ရှိ ဆေးသိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။

စစ်ဆေး

အဝလွန်ပြီး ကိုယ်အလေးချိန်များလွန်းသော မိခင်များကို စနစ်တကျစစ်ဆေးခဲ့ရာမှ ယခုကဲ့သို့တွေ့ရှိရခြင်းဖြစ်ကြောင်း အင်္ဂလန်ရှိ တီစ်ဆိုဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ကျန်းမာရေးနှင့်ညီညွတ်

ထို့ကြောင့် ကနဦးသားသမီးမွေးဖွားမည့် ကိုယ်အလေးချိန်များလွန်းသော မိခင်လောင်းများအနေဖြင့် ကိုယ်အလေးချိန် ပုံမှန်ဖြစ်အောင်လျှော့ချရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ရန်အရေးကြီးကြောင်း ၎င်းတို့က ပြောကြားသည်။

ထိခိုက်

ယခုအခါ အဝလွန်သောအမျိုးသမီးအရေအတွက်များပြားလာလျက်ရှိပြီး ထိုသို့မိခင်များအဝလွန်မှုကြောင့် သန္ဓေသားအပေါ် ကျန်းမာရေးထိခိုက်စေသည့်အချက်မှာ မြင့်မားလာသည်ကိုသတိမူကြရန်လိုအပ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဝလွန်သော မိခင်များအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်စေရန် အထူးစီမံထားသော အိပ်ရာများ ထိုင်ခုံများအပြင် မွေးဖွားရာ၌ အထောက်အကူပြုမွေ့ရာနှင့် ခုတင်များလည်းလိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ပြည့်စုံသော ကလေးငယ်များမွေးဖွားလာရန် သာမန်မိခင်များထက် ပိုပြီးပြုစုစောင့်ရှောက် ပေးရမည်ဖြစ်ကြောင်းလည်း သုတေသနပညာရှင်များက ပြောကြားသည်။

တိုးတက်များပြား

ကမ္ဘာတစ်ဝန်း၌ ၁၉၈၀ပြည့်နှစ်မှ စတင်ကာ အဝလွန်သော မိခင်များအရေအတွက် တိုးတက်များပြားလာသည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါက်တာဂျွန်ဝဲလ်ကင်ဆန်က ပြောကြားသည်။

(ကိုးကား-အင်တာနက်)

ရသအပုံပုံပေးစွမ်းနိုင်သော ဟင်္သာတသားတို့၏ ပန်းချီပြပွဲ

ခံစားတင်ပြသူ – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၈

ဆေးစက်ကျရာ အရုပ်ဖြစ်အောင် ရေးဆွဲနိုင်သော အနေအထားမှ သုတ၊ ရသနှင့် အလှအပများကို စူးရှသော အတွေးအခေါ်၊ ဆန်းသစ်သော ရေးဟန်များဖြင့် ဖန်တီးနိုင်သော ပန်းချီပညာရှင်များ ထွက်ပေါ်လာလျက်ရှိသည်။



ကိုရင်ဆံချ

ဆီဆေးကို ဓားဖြင့် ရေးဆွဲထားသောပန်းချီ မင်းမောင်မောင်ရွှေ၏ ကိုရင်ဆံချ ပန်းချီကားမှာ အသက်ဝင်လှသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ထိုသို့သော ခေတ်မီဆန်းသစ်သည့် ရေးဟန်များဖြင့် မြန်မာ့အလှသဘာဝများကို ဖော်ကျူးပြသထားသော **“ဟင်္သာတသား ပန်းချီပြပွဲ”** ကျင်းပရာ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံပန်းပညာရှင်များအစည်းအရုံး (ဗဟို)ပြခန်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်စေ့ငုကြည့်ရှုခဲ့ကြသည်။

ဟင်္သာတသား

ဇွန် ၇ ရက်မှ၁၃ ရက်အထိခင်းကျင်းပြသထားသည့် ဟင်္သာတသား ပန်းချီပြပွဲတွင် ဟင်္သာတသား ပန်းချီဆရာ ခုနစ်ဦးတို့၏ ပန်းချီကားပေါင်း ၇၆ ကားကို ခင်းကျင်း ပြသထားရာ အရောင်အသွေးစုံလင်သော၊ ရသပေါင်းစုံ ပေးစွမ်းနိုင်သော ဥယျာဉ်ကြီးတစ်ခုအတွင်း ရောက်ရှိသွားသကဲ့သို့ ခံစားရသည်။

လယ်တောကအပြန်

ပြခန်းအဝင်ပေါက် ပြကွက်၌ ချိတ်ထားသော ပန်းချီဆရာ သပြေမြင့်သိန်း၏ **“လယ်တောကအပြန်”** အမည်ရှိ ပန်းချီကားကို လေ့လာမိသည်။ ဟင်္သာတမြို့အနီး ကျေးရွာတစ်ရွာ၏ အပြင်ဘက် လယ်တောတစ်ခုမှ ထမင်းပို့ပြီး ပြန်လာသော ကလေးငယ်နှစ်ဦးကို ပီပြင်အောင် ရေးဆွဲထားခြင်းဖြစ်သည်။ ကျေးလက်တောရွာ၏ သဘာဝကျသောမြင်ကွင်းကို အရောင်များဖြင့် အသက်ဝင်အောင် ခြယ်မှုန်းထားခြင်းဖြစ်သည်။ သစ်သားတံတားလေးပေါ် ထမင်းပို့ပြီး လယ်တောမှ ပြန်လာသော ကလေးငယ်နှစ်ဦးအပေါ် နေအလင်းရောင်ကျနေပုံ၊ လယ်ကွင်းများ၊ သစ်ပင်၊ တောတန်းနှင့် တိမ်များကို အနုစိတ်တင်ပြထားမှုမှာ ဟန်ချက်ညီပြီး ရုပ်လုံးကြွလျက်ရှိသည်။ ကျေးလက်ဒေသ မြင်ကွင်းတစ်ခုလုံးကို ကိုယ်တိုင်မြင်တွေ့နေရဘိသကဲ့သို့ ခံစားရသည်။

မယဉ်ကျေး

စွဲဆောင်မှုရှိသည့် ပန်းချီကားမှာ **“မယဉ်ကျေး”**အမည်ရှိ ပန်းချီကားဖြစ်ပြီးပန်းချီဇော်ဝင်း(ငှက်ပျောသီး)၏ လက်ရာဖြစ်သည်။ ဘုရားတန်ဆောင်းတစ်ခုအနီး ဘုရားပေါ်တက်ပြီး သပြေခက်နှင့် ရှိခိုးဆုတောင်းမည့် မြန်မာ

မယဉ်ကျေး

မြန်မာဆန်ဆန် ယဉ်ကျေးသည့် ဟန်ပန်ကို ရေးဆွဲထားသော ပန်းချီဇော်ဝင်း (ငှက်ပျောသီး) ၏ မယဉ်ကျေး ပန်းချီကား။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

အမျိုးသမီးငယ်လေးတစ်ဦး၏ မြန်မာဆန်ဆန် ယဉ်ကျေးသည့် ဟန်ပန်ကို ရေးဆွဲထားခြင်းဖြစ်သည်။ အောက်မှအပေါ်သို့ တွေ့မြင်ရသည့် မြင်ကွင်းကို ခြသေ့်၊ မိန်းကလေးငယ်လေး၏ ပါးကွက်၊ ကြက်တောင်စည်းတို့ပါ မကျန် စုတ်တံခပ်ဆဆသုံးပြီး ရေးဆွဲထားမှုမှာ ပီပြင်လှသည်။

တန့်ကြည့်တောင်

“တန့်ကြည့်တောင်” အမည်ရှိ ပန်းချီကားမှာ ပန်းချီဆရာနိုင်ကြီး၏ လက်ရာဖြစ်သည်။ အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်ပြီး ဓားနှင့်ခြယ်မှုန်းထားခြင်းလည်း ဖြစ်သည်။ အအေးရောင်ဖြစ်သော မရမ်းပြာကို ကဲပြီး ဓားဖြင့် ဆေးခပ်ထူထူသုံးကာ ရေးဆွဲထားရာ အရောင်သုံးစွဲမှု မှန်ကန်သဖြင့် ထင်းကနဲနေအောင် စိတ်အာရုံကို ဖမ်းစားနိုင်သည်။ တန့်ကြည့်တောင်၏ အဝေးမြင်ကွင်း၊ ဘုရားစေတီများ ကောင်းကင်၌ တိမ်များ လွင့်မျောနေပုံမှာ ကြည်နူးချမ်းမြေ့စရာကောင်းလှသည်။ သဘာဝမြင်ကွင်းအလှကို နဂိုမူရင်းအရောင်များ မသုံးဘဲ စိတ်တွင်း၌ ဖြစ်ပေါ်ခံစားရသော အရောင်များဖြင့် ခြယ်မှုန်းထားရာ အတန်ကြာငေးမောကြည့်ရသည်အထိ ဖြစ်ရသည်။

ပန်းချီနိုင်ကြီး၏ တန့်ကြည့်တောင်အမည်ရှိ ပန်းချီကားမှာ သဘာဝမြင်ကွင်းအလှကို ဤသို့ ဖော်ပြထားနိုင်သည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ပန်းချီပညာ

ရိုးရာကောက်ကြောင်းလိုင်းအပျော့လေးများဖြင့်အသေးစိတ်ခြယ်မှုန်းထားသည့် **“ပုဂံစစ်သည်”**အမည်ရှိ ပန်းချီကားမှာ ပန်းချီဆရာ လှိုင်ဝမ်း၏ လက်ရာမြောက် ပန်းချီကားပင် ဖြစ်သည်။ ပုဂံခေတ် ခြေလျင်တပ်၊ မြင်းတပ်တို့၏ အပြင်အဆင်ကို ပုံထပ်လေးများဖြင့် ပုံဖော်ထားခြင်းဖြစ်ရာ ပိတ်ကားပေါ်တွင် ဖောင်းကြွရုပ်လုံးများ ကပ်ထားသကဲ့သို့ ရှိလေသည်။ တစ်လိုင်းကောက်ကြောင်းများဖြင့် ရိုးရာဟန်မပျက် ရေးဆွဲထားပုံမှာ အမြင်ဆန်းပြီး စိတ်ဝင်စားမှုဖြစ်စေသည်။ အခရိုင်းလစ်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ပုံရိပ်တစ်ခုခြင်းအလိုက် အားပါလှသည့် စိတ်ကူးနှင့် ပန်းချီပညာအစွမ်းကို ဆန်းသစ်အောင် ဖန်တီးထားခြင်းဖြစ်ရာ ရှုမငြီးနိုင်စရာ ဖြစ်ရသည်။

ပန်းချီ မင်းမောင်မောင်ရွှေ၏ **“ကိုရင်ဆံချ”**ပန်းချီကားမှာ မြင်ကွင်းရှင်းလှသည်။ ဆီဆေးကို ဓားဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ဆေးအထူအတိုင်း နေရာလွတ်မရှိအောင်၊ ဟာကွက်မရှိအောင် ရေးဆွဲထားရာ ဖော်ပြချင်သည့်အရာကို ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြသနိုင်သည်။ ရှင်လောင်းလှည့်ပြီးပြန်လာချိန် မောင်ရှင်လောင်းအား ဆံချနေသည့် မြင်ကွင်းအား အပူ၊ အအေးအရောင်များ တွဲသုံးထားသဖြင့် အသက်ဝင်လျက်ရှိသည်။ အဓိက အပူရောင်များ လွှမ်းနေရာ ရှင်သန်ခြင်းလှုပ်ရှားခြင်း သဘောကို ဖော်ပြနေသည့် ဓားဖြင့် ဆေးကို တိုက်ရိုက် ရေးဆွဲပြီး ခပ်ထူထူ အသုံးပြုထားရာ ရေးဟန် ထူးခြားနေသည်။ ထူးခြားကောင်းမွန်သည့် လက်ရာဖြစ်သည်။

ဆီဆေးကို ဓားဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး အရောင်မှိုင်းမှိုင်းများကို အဓိကအားကိုးပြီး သုံးထားသဖြင့် အလင်းရောင်ကို ပိုပြီးပြသနိုင်သည်။ မြင်ကွင်းကျယ်ကို အလင်းအရောင်များဖြင့် ခပ်သွက်သွက်ရေးဟန်ဖြင့် ရေးဆွဲထားရာ သဘာဝကျလှသည်။

ပုဂံစစ်သည်

ရိုးရာကောက်ကြောင်း လိုင်းအပျော့လေးများဖြင့် အသေးစိတ် ခြယ်မှုန်းထားသည့်ပန်းချီ လှိုင်ဝမ်း၏ ပုဂံစစ်သည် ပန်းချီကားမှာလက်ရာမြောက်လှသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ကျောင်းကန်ဘုရား

ဆရာမင်းကြည်၏ **“ကျောင်းကန်ဘုရား”**ပန်းချီကားမှာလည်းမြင်ကွင်းကအသစ်ဖြစ်သည်။ ရွှေနတ်တောင်ဘုရား အဆင်းလှေကားပေါ်မှ တစ်ထစ်ချင်းဆင်းသွားသောရဟန်းတစ်ပါး၏ မြင်ကွင်းကို ဘုရားပေါ်မှ အပေါ်စီးတွေ့ရသည့် ပန်းချီကားဖြစ်သည်။

ပန်းချီကားများကို လေ့လာကြည့်ရှုလျက်ရှိသော ပရိသတ်များကို ခံစားမှုရသများ ပေးစွမ်းနိုင်သည့် ဟင်္သာတသား ပန်းချီပြပွဲသည် ဟင်္သာတသား ပန်းချီဆရာတို့၏ အဆင့်အတန်းမြင့်လက်ရာများ ပြသခြင်းဖြစ်ရာ ကြည့်ရှု ခံစားသင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

လယ်တောကအပြန်

ထမင်းပို့ပြီး ပြန်လာသော ကလေးငယ်နှစ်ဦးကို ပီပြင်အောင် ရေးဆွဲထားသော ပန်းချီဆရာ သပြေမြင့်သိန်း၏ လယ်တောကအပြန် ပန်းချီကားမှာ သဘာဝကျလှသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

● **ကျောဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကလိန်အောင်မြို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးစံရင်မော်က ကလိန်အောင်မြို့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှု များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ထားဝယ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ထားဝယ်ခရိုင်အတွင်း မိုးစပါး၊ နွေစပါး၊ ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူ ပင်များ စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေး၍ အမှာစကားပြောကြားရာ၌ ကလိန်အောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများက ဦးဆောင်ဦးရွက်ပြု၍ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြို့ ပြင်ရှိ လမ်းဘေးဝဲယာကိုက် ၅၀၀အတွင်း၌ ကုန်းမြင့်လယ်မြေ၊ စပါး၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်း ရိုးကြက်ဆူပင်များကို စိုက်ပျိုးကြစေလိုကြောင်း၊ တစ်ဖက်ကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအခါတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိုလည်း အိမ်တိုင်းအိမ်တိုင်း စိုက်ပျိုးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကလိန်အောင်တပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်မှအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ မိသားစုဝင်ငွေတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေး မှာကြားကာ တက်ရောက်လာကြသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ အစိုးရနည်းပညာကောလိပ်(ထားဝယ်)တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထွန်းအောင်က အစိုးရနည်းပညာကောလိပ်(ထားဝယ်)၏ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြ ရေးမှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အစိုးရနည်းပညာ ကောလိပ်(ထားဝယ်)တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆရာဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လူသားအ ရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးကြိုးစားစားသင်ကြားပေးကြရေး မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကလိန်အောင် တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အစိုးရနည်းပညာ ကောလိပ်(ထားဝယ်)မှာ ၁၇ ဒသမ၀၅ ဧကကျယ်ဝန်းပြီး တည်ဆောက်ရေးလုပ်ငန်းများမှာ ၄၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ် ပင်မလေးထပ်ဆောင်တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးက တက္ကသိုလ်၏ သင်ကြားစီမံကိစ္စရပ်များကို လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်သန်းက စာသင်ဆောင်များ၊ ဆရာဆရာမနေအိမ်များနှင့် တက္ကသိုလ် အဝင်လမ်းများ တည်ဆောက်ပြီးစီးမှုတို့ကို လည်းကောင်း၊ Ever Green Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ပင်မလေးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြထားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဆရာဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ် ပင်မလေးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထားဝယ်တက္ကသိုလ်ရှိ အထူးပြု ဘာသာရပ် ၁၄ခုတွင် ကျောင်းသားကျောင်းသူ ၂၀၃၆ဦးနှင့် အဝေးသင် တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၂၄၅၄ဦးတို့ ပညာသင်ကြားလျက် ရှိကြသည်။

ပင်မလေးထပ်ဆောင် တည်ဆောက်မှုအနေဖြင့် လုပ်ငန်းပမာဏ တစ်ခုလုံး၏ ၇၃ဒသမ၀၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ပင်မလေးထပ်ဆောင်၏ မျက်နှာစာအလျား ၅၀၇ပေနှင့်အနံ ၃၀၃ပေရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်ဖက်သော မိဘများနှင့် ကွယ်လွန်သူ ဦးအေးသောင်၊ သားကိုကျော်ကျော်အောင်တို့၏ (၄)နှစ်ပြည့် ရည်စူး၍ ဒေါ်စောရှင်နှင့် သားသမီးမောင်နှမတစ်စုမှ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နေ့ကလေးထိန်း(ထောက်ကြန့်)ကျောင်းသို့ ဇွန်၂ရက်က ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ နေ့ကလေးထိန်းကျောင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံယူစဉ်။ (က-ပ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ် စာစောင်ပြပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင့်ဆွေက မူးယစ် ဆေးဝါးနှင့် ပတ်သက်၍ ဟောပြောစဉ်။

(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၈

ဒဂုံမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၂)၏ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီက ဒဂုံသူရိန်ခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင့်ဆွေ၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ ဥမ္မာသွင်၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းတင့်နှင့် ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းတင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင့်ဆွေနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ ဥမ္မာသွင်တို့က မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းတင့်က ကျေးဇူးတင်စကား ပြောကြားပြီး တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲကို လှည့်လည်ကြည့်ရှုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(မြန်မာ့အလင်း)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပြည့်စုံလှပ မြန်မာအမျိုးသမီး ဘဝ"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ရေးသားယှဉ်ပြိုင်

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့် အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ x ၁၄) လက်မတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့ရမည်

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် စာတည်းမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်-မန္တလေး-နေပြည်တော်ရထားလိုင်းသစ် ပျဉ်းမနားဘူတာမှ စတင်ပြေးဆွဲသည့် အခမ်းအနားကျင်းပ

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များ မန္တလေး-နေပြည်တော် အစုန်-အဆန်ရထားလိုင်းသစ် ခရီးစဉ်တွင် လိုက်ပါကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၈

မန္တလေးမြို့မှ နေပြည်တော်သို့လာရောက်၍ တာဝန်ထမ်းဆောင်ကြသည့်ဝန်ထမ်းများ နေပြည်တော်၌ ညအိပ်ရန်မလိုဘဲ နေ့ချင်းပြန်ခရီးလွယ်ကူချောမွေ့ သက်သောင့်သက်သာခရီးသွားလာနိုင်ရန်နှင့် နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ အချိန်တိုဖြင့် ခရီးသွားလာနိုင်စေရန်ရည်ရွယ်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် နေပြည်တော်-မန္တလေး-နေပြည်တော် အစုန်၊ အဆန်ရထားလိုင်းသစ် စတင်ပြေးဆွဲသည့် အခမ်းအနားကို ဇွန် ၇ ရက် ည ၁၀နာရီခွဲက ပျဉ်းမနားဘူတာ စင်္ကြံအမှတ်(၁)၌ ကျင်းပသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ပျဉ်းမနားဘူတာသို့ ရောက်ရှိလာရာ ပျဉ်းမနားဘူတာရုံပိုင်ချုပ် ဦးအောင်သန်းကျော်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

လက်ဆောင်ပေးအပ်

ရှေးဦးစွာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်-မန္တလေး-နေပြည်တော် အစုန်-အဆန်ပြေးဆွဲမည့် ရထားကို ကြည့်ရှုစစ်ဆေးကြပြီး ရထားဖြင့် စီးနင်းလိုက်ပါလာ ကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်ကာ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က နေပြည်တော်-မန္တလေး-နေပြည်တော်လိုင်းသစ်တွင် ပြေးဆွဲမည့် စက်ခေါင်း RBE-3611 ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အောင်သပြေပန်းကို စက်ခေါင်း၌ ချည်ပေးကာ ရထားလိုင်းသစ်ကို ဖွင့်လှစ်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ည ၁၀ နာရီခွဲတွင် နေပြည်တော်-မန္တလေး-နေပြည်တော် ရထားလိုင်းသစ် စတင်၍ ပျဉ်းမနားဘူတာမှ ထွက်ခွာရာ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ခရီးသည်များအား ဝန်ကြီးနှင့်ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ နေပြည်တော်-မန္တလေး-နေပြည်တော် မီးရထားလိုင်းသစ်တွင် ပျဉ်းမနားဘူတာမှ အမှတ်(၂၅) အဆန်ရထားသည် နေ့စဉ်ည ၁၀ နာရီခွဲတွင် ထွက်ခွာပြီး မန္တလေးဘူတာသို့ နံနက် ၅ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ထို့အတူ မန္တလေးဘူတာမှ အမှတ်(၂၆)အစုန်ရထားသည် နေ့စဉ် နံနက် ၇ နာရီတွင် စတင်ထွက်ခွာပြီး ပျဉ်းမနားဘူတာသို့ မွန်းလွဲ ၂ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

အဆိုပါရထားသည် လမ်းဘူတာများဖြစ်သည့် ရွာတော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊မြစ်သားနှင့် ကျောက်ဆည်ဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်သည်။

လက်မှတ်ခ နှုန်းထားများမှာ ပျဉ်းမနား-မန္တလေးရိုးရိုးတန်း ငွေကျပ် ၆၅၀၊ ပထမတန်း ငွေကျပ် ၈၁၀ ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ဘူတာရုံများ၌ ပထမတန်းလက်မှတ်ကို သုံးရက် ကြိုတင်ဝယ်ယူနိုင်ပြီး ရိုးရိုးတန်းလက်မှတ်ကို တစ်ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ၁၉၉၀ပြည့်နှစ်ကတည်းကဆောင်ရွက်ခဲ့ နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာနှင့်လူမှုရေးအဖွဲ့ ထောက်ပံ့မှုများဖြင့် ရလဒ်ကောင်းရရှိနေ

မိမိတို့၏လူ့စွမ်းအားအရင်းအမြစ်များ ထိရောက်စွာအသုံးချပြီး သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိ ကမ္ဘာတစ်ဝန်းလုံး လက်တွေ့ကျကျအကောင်အထည်ဖော်ပါက တိုက်ဖျက်နိုင်မည်ယုံကြည်

နေပြည်တော် ဇွန် ၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ခုခံကျ/ကာလသား)ဒေါက်တာမင်းသွယ်တို့သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ မေ ၃၁ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပခဲ့သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ခွဲခေါင်းဆောင်အဖြစ် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦးကျော်တင့်ဆွေလည်း ပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးမှုများလေ့လာ

ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ကုလသမဂ္ဂဌာနချုပ် အထွေထွေညီလာခံ အစည်းအဝေးခန်းမ General Assembly Hall၌ကျင်းပသော ညီလာခံဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် သဘာပတိအဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ မစ္စတာရန်အလီယာဆင်က ဆောင်ရွက်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၊ UNAIDS၏ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ပီတာပီးရော့နှင့် ဝေဒနာရှင်တစ်ဦးတို့က မိန့်ခွန်းပြောကြားကြသည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လူမှုရေးအဖွဲ့အစည်းများ၏ လူငယ်လူရွယ်တိုင်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနည်းလမ်းများ ရရှိစေရေးနှင့် ရောဂါဝေဒနာရှင်တိုင်း ကာကွယ်ကုသမှု ရရှိစေရေးတို့နှင့် စပ်လျဉ်းကောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ သံအမတ်ကြီး မစ္စတာဂျိုးဇက်ဗာနာရိဒ်အား တွေ့ဆုံ၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများကို ဆွေးနွေးအသိပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၂ ရက် နံနက် ၉ နာရီတွင် ကုလသမဂ္ဂဌာနချုပ် အထွေထွေညီလာခံ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသော ညီလာခံသို့ တက်ရောက်ခဲ့သည်။ ယင်းညီလာခံတွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဥက္ကဋ္ဌ မစ္စတာရန်အလီယာဆင်၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်နှင့် UNAIDS ၏ အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာပီတာပီးရော့တို့က မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများက မိန့်ခွန်းအသီးသီး ပြောကြားခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးများ အစည်းအဝေးကို အုပ်စု(၂)စုခွဲ၍ ကျင်းပခဲ့ရာ ဝန်ကြီးများအုပ်စု(၁) အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေတို့က အစည်းအဝေး သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင်ကျင်းပခဲ့သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ ညီလာခံသို့ တက်ရောက်စဉ်။ (ကျန်းမာရေး)

သည့်တင်ပြဆွေးနွေးမှုများကို လေ့လာခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ အာရှနှင့် ပစိဖိတ်ဒေသအတွက် HIV/AIDSဆိုင်ရာ အထူးကိုယ်စားလှယ် ဒေါက်တာနာဖစ်ဆာဒစ်နှင့် အလွတ်သဘော တွေ့ဆုံ၍လည်း

ဒုတိယဝန်ကြီးသည် ဇွန် ၁ ရက် နံနက်ပိုင်းတွင်ကျင်းပသော ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ၊ UNICEF, UNAIDS,UNESCO, UNFPA, WFP တို့မှ အဖွဲ့ခေါင်းဆောင်များ၏ သီးသန့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ရောဂါဆိုးကို တိုက်ဖျက်မည်

ဒုတိယဝန်ကြီးသည် အုပ်စု(၂) အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ ကာကွယ် တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် အကျိုးရလဒ်များနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ ကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများကို ရောဂါ စတင် ဖြစ်ပွားသည့် ၁၉၉၀ ပြည့်နှစ် ကတည်းက ဆောင်ရွက်လျက်ရှိ

စာမျက်နှာ ၁၄ ကော်လံ ၁

■ ကျောဖုံးမှ

NLD ပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဒင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်အတွင်းရေးမှူး ဦးဝင်းမောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ မြို့နယ်အလုပ်အမှုဆောင် ကိုးဦး၏ကိုယ်စား မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှပြေက နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြရာတွင် ၎င်းတို့အနေဖြင့် ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့်အရေးအခင်းကြောင့် ပြိုကွဲပျက်စီးလုနီးပါးဖြစ်ခဲ့ရသော နိုင်ငံတော်ကြီးကို နိုင်ငံ့ခေါင်းဆောင်ကြီးတစ်ဦး၏ သမီးဖြစ်သူက ကယ်တင်နိုင်လိမ့်မည်ဟု တလွဲဆံပင်ကောင်းပြီး NLD ပါတီသို့ ဝင်ရောက်မိခဲ့ကြောင်း၊ NLD ပါတီသည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ထင်ခဲ့မိသော်လည်း ဖွတ်ထွက်မှ တောင်ပို့မှန်းသိ၊ ကျောချမှ ဓားပြမှန်းသိဆိုသည့် စကားအတိုင်း ပါတီ၏ ခေါင်းဆောင်ပိုင်းအနေဖြင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးဆိုပြီး အော်ဟစ်ကြွေးကြော်နေသော်လည်း လက်တွေ့တွင် ပါတီမှာ နိုင်ငံရေး အခြေခံလမ်းစဉ်ကို တိတိကျကျပြဋ္ဌာန်းထားခြင်း မရှိကြောင်း၊ ဒီမိုကရေစီကို မည်ကဲ့သို့ ကျင့်သုံးမည်၊ လူ့အခွင့်အရေးဆိုသည်မှာ မည်သို့ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး ပါတီဝင်များသို့ ရှင်းပြခြင်းမရှိဘဲ တပ်မတော်ကို ဆန့်ကျင်ရေး၊ နိုင်ငံနှင့် ပြည်သူလူထု အကျိုးစီးပွားပျက်စီးရေးတို့ကိုသာ လုပ်ဆောင်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးသို့ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမပြုလုပ်ရန်၊ ထောက်ပံ့မှုများ မပြုလုပ်ကြရန် စသည့် တားဆီးပိတ်ပင်မှုများဖြင့် ပြည်သူလူထုဒုက္ခရောက်အောင် လုပ်ဆောင်ခဲ့ကြောင်း၊ NLDခေါင်းဆောင်များသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကိုဗန်းပြပြီး ပါတီဝင်များကို ခုတုံးလုပ်ကာ အာဏာရရှိရေးအတွက်ကိုသာလုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့၏ မှုမမှန်သည့်လုပ်ရပ်များကို သိမြင်လာခဲ့သည့်အတွက် မိမိတို့သည် ၁၉၉၉ ခုနှစ်တွင် ပါတီမှ စုပေါင်းနုတ်ထွက်ခဲ့ပြီး ရပ်ရွာအကျိုးသယ်ပိုးကာ အေးချမ်းစွာဖြင့် နေထိုင်ခဲ့ကြောင်း၊ သို့ရာတွင် (၁၁-၃-၂၀၀၃)ရက်တွင် ရွှေကူမြို့နယ် NLDပါတီမှ ပုဂ္ဂိုလ်အချို့ ရောက်ရှိလာပြီး မိမိတို့မသိရှိဘဲ မိုးမောက်မြို့နယ် NLDအလုပ်အမှုဆောင်အဖွဲ့ကို ၁၃ ဦးဖြင့် ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခုကဲ့သို့ မိမိတို့မသိရှိ၊ ဆန္ဒလည်း မပါရှိဘဲ အာဏာရူးပုဂ္ဂိုလ်အချို့က ၎င်းတို့နေရာရရှိရေးအတွက် မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခြင်း၊ ပြန်လည်တာဝန်ပေးအပ်ခြင်းမျိုး ပြုလုပ်လာပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူပေးပါရန် တင်ပြလိုကြောင်း၊ တစ်ချိန်က လက်နက်ကိုင်ပြီး တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည်ပင် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာကို နားလည်သိမြင်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ကျင်းပနေသည့် အမျိုးသားညီလာခံသို့ တက်ရောက်၍ ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးနေချိန်တွင် NLDပါတီအနေဖြင့် ပါဝင်ဆွေးနွေးရန် ဖိတ်ကြားခဲ့သော်လည်း တက်ရောက်ခြင်းမရှိဘဲ ညီလာခံကို ကျောခိုင်းထွက်ခွာခဲ့ကြောင်း၊ ပြည်သူ့အင်အားကို အလေးမထားဘဲ နိုင်ငံခြားသံရုံးများနှင့် ဆက်သွယ်ပြီးပြည်ပမှ စေခိုင်းသမျှလုပ်ကိုင်ကာ ပြည်ပမှ ကြိုးဆွဲရာကနေသည့် ရုပ်သေးရုပ်သဖွယ်ဖြစ်သေ NLD ပါတီအာဏာရူးများသာ အာဏာရရှိသွားပါက မိမိတို့နိုင်ငံသည် နယ်ချဲ့သြဇာခံအခြွေအရံ နိုင်ငံဘဝသို့ အလိုလိုကျရောက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့သည် စပ်ကူးမတ်ကူးကာလတွင် NLDပါတီအနေဖြင့် နိုင်ငံ့ကောင်းကျိုး၊ ပြည်သူလူထုအကျိုးကို အမှန်တကယ် လုပ်ဆောင်နိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိသောကြောင့် ပါတီဝင်အဖြစ် ခံယူခဲ့ကြသော်လည်း လက်တွေ့နယ်ပယ်တွင် နိုင်ငံပျက်စီးရာ ပျက်စီးကြောင်း ကိုသာတွေးခေါ်ပြီး ဖျက်လိုဖျက်ဆီးလုပ်နေသည့် NLDပါတီကို လုံးဝထောက်ခံခြင်းမရှိတော့ကြောင်း၊ ပါတီဝင်အဖြစ်က ထာဝရနုတ်ထွက်ပါကြောင်း၊ ယခုကဲ့သို့ နုတ်ထွက်ခြင်းမှာ မိမိတို့ဆန္ဒအရ နုတ်ထွက်ခြင်းသာဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် NLD ပါတီမှ နုတ်ထွက်လွှာပေးအပ်သူ ကိုးဦးတို့ကိုယ်စား မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်ဆန်းက နုတ်ထွက်လွှာများကို မိုးမောက်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌထံ ပေးအပ်သည်။

မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ၁၃ ဦးဖြင့် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ရာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအပါအဝင် ကိုးဦးသည် ယနေ့ နုတ်ထွက်ခဲ့ကြသဖြင့် မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် အဖွဲ့တွင် လေးဦးသာ ကျန်ရှိကြောင်း၊ ကျန်ရှိသူများမှာ အခြားဒေသသို့ရောက်ရှိနေသဖြင့် မိုးမောက်မြို့နယ် NLDပါတီအနေဖြင့် လှုပ်ရှားဆောင်ရွက်မှုမရှိတော့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လောကီလောကုတ္တရာ နှစ်ဖြာကောင်းကျိုးပေးစွမ်းနိုင်သော မဟာသမယသုတ်

ဦးကျော်စိန်
(မန္တလေး)

ဗုဒ္ဓဘာသာ မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် နယုန်လသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ လေးလေးမြတ်မြတ် သတ်မှတ်အပ်သောလ ဖြစ်၏။ **ဗုဒ္ဓဘုရားရှင်သည် နယုန်လပြည့်နေ့၌ "မဟာသမယသုတ်တော်" ကို သက္ကတိုင်း၊ ကပိလဝတ်ပြည်အနီးရှိ မဟာဝုန်တော၌ ဟောကြားတော်မူခဲ့သည်။ ဤသည်ကာလ နယုန်လ၌ ရန့်ပျံ့မွှေး၊ မြတ်လေးပန်းတို့သည်လည်းကောင်း၊ စံပယ်၊ ကြက်ရုန်းပန်းတို့သည် လည်းကောင်း၊ သာယာတင့်ဆန်း ပွင့်လန်းကြကုန်လျက် ရန့်သင်း ထုံကြိုင်လှိုင်ကြကုန်၏။** ရှေးရှေးသောကာလသမယ၌ ဤနယုန်လတွင် စာပွဲသဘင် ဆင်ယင်ကျင်းပခဲ့ကြသည်။

မဟာသမယသုတ်တော်ကို မြတ်စွာဘုရားရှင် ဟောကြားစဉ်က အံ့ဩလောက်အောင် များပြားလှသော နတ်၊ဗြဟ္မာတို့သည် စည်းဝေးရောက်ရှိကြသည်။ မဟာဝုန်တောမှ နတ်များက ဘုရားဖူးတရားနာရန် လှုပ်ရှားလှုံ့ဆော် ဟစ်အော်ကြွေးကြော်သံကို ကြားသိရသဖြင့် ဟိမဝန္တာတောနေနတ်များ ရတနာသုံးပါးတို့ တည်ရှိရာ သီဟိုဠ်ကျွန်းအစရှိသော ငါးဆယ့်ခြောက်ပြည်နှင့် ကျွန်းငယ် နှစ်ထောင်တိုင်အောင်သော နတ်များ၊ ဤစကြဝဠာမှစ၍ စကြဝဠာတစ်သောင်းရှိ နတ်၊ဗြဟ္မာများအားလုံးတို့သည် မြတ်စွာဘုရားရှင်ရှိရာ မဟာဝုန်တောသို့ စည်းဝေးလာရောက်ကြလေသည်။

ဤစကြဝဠာမြေပြင်မှ ပထမဈာန် ဗြဟ္မာဘုံအထိ အလွန်ကျယ်ပြန့်သောနေရာ၌ နတ်၊ဗြဟ္မာများ ရောက်လာကြသည်မှာ ပြည့်ကျပ်လျက်ရှိလေသည်။ ဤစကြဝဠာတစ်တိုက်လုံး အပ်အပြည့်ထည့်ထားသော အပ်ကျည်ထောက်ပမာ အကြားမလပ် ကျပ်၍နေပေသည်။ သားမြီးဖျားမျှသော နေရာ၌ပင် နတ်ပေါင်းတစ်ကျိပ်မှ ခြောက်ကျိပ်အထိ ဖန်ဆင်း၍ နေရသည်ဟုပင် အဋ္ဌကထာက ဆိုသည်။ ဤမျှလောက် ကြီးကျယ်များပြားလှစွာသော နတ်ဗြဟ္မာပရိသတ်ကြီး တရားနာရန် စုဝေးလာရောက် ပေါင်းဆုံမိခြင်းကြောင့် ပထမသံဂါယနာတင် အရှင်မြတ်များက ဤသုတ်တော်ကို မဟာ(ကြီးကျယ်များပြားသော)+သမယ(အစည်းအဝေး)+သုတ္တ (ဟောကြားတော်မူသော စကားအစဉ်)ဖြစ်သည့်အတွက် "မဟာသမယသုတ္တ"ဟူ၍ အမည်သတ်မှတ် မှည့်တပ်တော်မူခဲ့ကြပေသည်။

နတ်၊ဗြဟ္မာများ စုံစုံလင်လင် စည်းဝေးမိသောအချိန်တွင် "မဟာသမယသုတ်"ကို မြတ်စွာဘုရားက တရားနာရန် ရောက်ရှိနေကြသော နတ်ဗြဟ္မာများ၏ အမျိုးအနွယ်ကို ရဟန္တာငါးရာနှင့် နတ်၊ဗြဟ္မာများအား သိစေလို၍ (မိတ်ဆက်ပေးသည့်ပမာ) နတ်ဗြဟ္မာများ အမျိုးတူစုပေါင်း၍ အမည်အနွယ်တစ်ခုချင်းစီကို ထုတ်ဖော်ကာ နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူခြင်းဖြစ်ပါသည်။ ဤ "မဟာသမယသုတ်"ကို မိန့်တော်မူပြီးနောက် နတ်၊ဗြဟ္မာတို့၏ စရိုက်နှင့်လျော်သော သုတ်ခြောက်သုတ်ကို ဆက်လက်ဟောကြားတော်မူပါသည်။ ထိုသုတ်ခြောက်သုတ်သည် သုတ်အမည်သီးသန့်စီရှိပါသော်လည်း များပြားသော နတ်၊ဗြဟ္မာအစည်းအဝေး၌ပင် ဟောကြားတော်မူခြင်းကြောင့် ထိုသုတ် ခြောက်သုတ်ကိုပါပေါင်း၍ မဟာသမယသုတ် ခုနစ်သုတ်ဟု သာသနာ၌ သတ်မှတ် ခေါ်ဆိုခြင်းဖြစ်သည်။

"မဟာသမယသုတ်"တော်ကို နတ်များချစ်မြတ်နိုးကြကြောင်း အဋ္ဌကထာဆရာက "ဤမဟာသမယသုတ်တော်ကို နတ်များနှစ်သက်အပ်၊ နှလုံးကိုပွားစေအပ်ကုန်၏။ နတ်တို့သည် ဤသုတ်ကို ကြားနာကြကုန်အံ့-ဟု ကြံ၍ နားစိုက်ထောင်ကြကာ အရပ်လေးမျက်နှာကို လှည့်လည်သွားလာကြကုန်၏"ဟု မိန့်ဆိုထားပါသည်။ ထို့ကြောင့် သာသနာ၌ ထင်ရှားသော ရှေးဆရာတော်ကြီးများ အဆက်ဆက်က ဤသုတ်ကို "နတ်ချစ်သောသုတ်"ဟု မိန့်တော်မူခဲ့ကြပါသည်။ ဒွါရဂိုဏ်းကြီးကို တည်ထောင်သော အုတ်ဖိုဆရာတော်ကြီးကမူ ဤသုတ်ကို "ဒေဝတာပိယ သုတ္တ"ဟု အမည်ထူးပေးခဲ့ဖူးကြောင်း ကြားသိမှတ်သားရသည်။

"မဟာသမယသုတ်"တော်ကို နတ်များ အထူးကြည်ညိုနှစ်သက်မြတ်နိုးပုံ သာဓကတစ်ခုကို အဋ္ဌကထာ၌ ဖော်ပြသည့်အတိုင်း ထုတ်နုတ်ရေးသားတင်ပြလိုပါသည်။ ရှေးအခါက သီဟိုဠ်ကျွန်း၌ တောင်စွန်ကျောင်းတိုက်(ကောဋိပဗ္ဗတ)အတွင်းမှာ ကံ့ကော်လိုဏ်ဂူ(နာဂလေဏ) တစ်ခုရှိသည်။ ထိုလိုဏ်ဂူတံခါးဝ၌ရှိသော ကံ့ကော်ပင်၌ နတ်သမီးကလေးတစ်ဦးနေသည်။ တစ်ချိန်တွင် ရဟန်းငယ်တစ်ပါးသည် ထိုလိုဏ်ဂူတွင်းမှာနေရင်း "မဟာသမယသုတ်"ကို ရွတ်ဖတ်သရဇ္ဈာယ်နေ၏။ ကံ့ကော်ပင်စောင့် နတ်သမီးသည်လည်း "မဟာသမယသုတ္တန်" တရားသံကို ကြည်ညိုမြတ်နိုးစွာ နားထောင်နေ၏။ ရဟန်းငယ်ရွတ်ဖတ်ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် အားရဝမ်းသာ ကျယ်လောင်သောအသံဖြင့် "သာဓု၊ သာဓု၊ သာဓု"ဟု ခေါ်လိုက်၏။ နတ်သမီးအသံကို ကြားရသော ရဟန်းငယ်သည် အံ့ဩစွာဖြင့် "သာဓုခေါ်သူသည် အဘယ်သူနည်း"ဟု မေးရာ၊ နတ်သမီးက "အရှင်ဘုရား-တပည့်တော် ကံ့ကော်ပင်စောင့် နတ်သမီးဖြစ်ပါသည်"ဟု ဖြေဆို၏။

နတ်သမီးက ဆက်လက်၍ ဖြေဆိုရာတွင်"မဟာသမယသုတ်"ကို မဟာဝုန်တော၌ မြတ်စွာဘုရားဟောကြားစဉ်က တစ်ကြိမ်သာနာကြားခဲ့ရပြီးနောက် ယခုမှတစ်ဖန် ကြားနာရခြင်းဖြစ်ကြောင်း၊ ယခုရွတ်ဖတ်သရဇ္ဈာယ်သော"မဟာသမယသုတ်"သည် မဟာဝုန်တောတွင် မြတ်စွာဘုရား ဟောတော်မူသောပါဠိနှင့် တစ်ခန်းတလေမျှ ကွဲလွဲခြင်းမရှိကြောင်းတို့ကို လျှောက်ကြား၏။ ရဟန်းငယ်က ဤ"မဟာသမယသုတ်"ကို ဘုရားဟောကြားစဉ်က နတ်၊ဗြဟ္မာတို့မှာ ကြီးစွာသော အစည်းအဝေးကြီး ဖြစ်သည်ဟု ကြားသိမှတ်မိခဲ့သဖြင့် ထိုမျှများပြားလှစွာသော နတ်၊ဗြဟ္မာ အစည်းအဝေးကြီးတွင် နတ်သမီးအနေဖြင့် မည်သည့်နေရာကနေ၍ ဤ"မဟာသမယသုတ်"ကို နာကြားရပါသနည်းဟု မေး၏။

နတ်သမီးက ပြန်လည်လျှောက်ထားရာတွင် သူမသည် ကပိလဝတ်ပြည်အနီးရှိ မဟာဝုန်တော၌နေသော နတ်သမီးဖြစ်ကြောင်း၊ သို့ရာတွင် မဟာသမယတရားသဘင်သို့ တရားနာရန် တန်ခိုးကြီးနတ်များနှင့် ဗြဟ္မာများ လာရောက်ကြသည်မှာ များလွန်းလှသဖြင့် ဇမ္ဗူဒီပါကျွန်းတွင် သူမအတွက် နေရာမရခဲ့ကြောင်း၊ သို့ဖြစ်၍ သီဟိုဠ်ကျွန်းသို့လာပြီး ဇမ္ဗူကောလသင်္ဘောဆိပ်ကနေ၍ တရားနာရန် ကြိုးစားနေစဉ် တန်ခိုးကြီးနတ်များ ထပ်မံရောက်လာပြန်သောကြောင့် တဖြည်းဖြည်း နောက်ဆုတ်ပေးခဲ့ရပြန်ကြောင်း၊ နောက်ဆုံး၌ သူမသည် ယောဟနဇနပုဒ်ရွာကြီး၏နောက်ဘက် သမုဒ္ဒရာရေစပ်တွင် လည်ပင်းထိအောင်ဆင်းပြီး တရားတော်ကို နာကြားခဲ့ရပါကြောင်း လျှောက်ထား၏။

ရဟန်းငယ်က "သင်နတ်သမီး တရားနာသောနေရာသည် မြတ်စွာဘုရား တရားဟောတော်မူသောနေရာနှင့် အလွန်ဝေးကွာလှ၏။ သို့ဖြစ်၍ အသင်နေသောနေရာမှ မြတ်စွာဘုရားကို သင်ဖူးမြင်ရပါသလား"ဟု မေးရာ နတ်သမီးက မဟာဝုန်တော၌ တရားဟောတော်မူသော မြတ်စွာဘုရားသည် မိမိကိုယ်သာ မပြတ်ကြည့်ပြီး ဟောနေတော်မူသည်ဟု ထင်ရကြောင်း၊ သို့အတွက် မိမိမှာကြောက်လည်းကြောက်၊ ရှက်လည်းရှက်သဖြင့် လှိုင်းတံပိုးအကြား၌ ပုန်း၍ နေရလုမတတ်ရှိရကြောင်း လျှောက်ထား၏။ ရဟန်းငယ်က "နတ်သမီး-မဟာသမယသုတ်ကို ဟောကြားပြီးသောအခါ ကုဋေတစ်သိန်းသော နတ်၊ဗြဟ္မာတို့ အရဟတ္တဖိုလ်ရောက်ကြသည်ဟု ကြားဖူးရာ သင်နတ်သမီးသည် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပါသလား၊ သို့မဟုတ် အနာဂါမိဖိုလ်၊ သကဒါဂါမိဖိုလ်တို့သို့ ရောက်ခဲ့ပါသလား"ဟု မေးရာ နတ်သမီးက မဆိုက်ရောက်ခဲ့ကြောင်း ဖြေကြား၏။

ထိုအခါ ရဟန်းငယ်က နတ်သမီး မဟာသမယသုတ်ကို နာကြားရသည့်အတွက် အောက်မဂ်သုံးပါးသို့ရောက်ခဲ့ကြသော နတ်၊ဗြဟ္မာတို့သည် မရေမတွက်နိုင်အောင် များပြားကြသည်ဟု ကြားဖူးသည့်အတွက် နတ်သမီးသည် သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့ပြီဟု ထင်ကြောင်းမေးရာ နတ်သမီးက မိမိသည် သောတာပတ္တိဖိုလ်မျှသာ ရောက်ခဲ့ရသောကြောင့် "အရှင်ဘုရားသည် မမေးသင့်သောအရာကို အထပ်ထပ် မေးပါဘိသည်"ဟု မတင်မကျ ပြန်ကြားလျှောက်ထားလေသည်။

ထို့နောက် ရဟန်းငယ်က နတ်သမီးအား "သင်နတ်သမီး၏ ကိုယ်ကို ငါ့အားမြင်အောင် ပြနိုင်ပါသလား"ဟု မေး၏။ ထိုအခါ သောတာပန် နတ်သမီးသည် မိမိတစ်ကိုယ်လုံးကို ပြနိုင်စွမ်းရှိသော်လည်း သာသနာ့အန္တရာယ် ဖြစ်ဖွယ်ရှိသဖြင့် ထိုအန္တရာယ်ကို ကာကွယ်လိုသောကြောင့် "အရှင်ဘုရား--- တစ်ကိုယ်လုံးကိုတော့ မပြနိုင်ပါ၊ လက်တစ်ဆစ်မျှသာ ပြပါမည်"ဟု ပြောဆိုကာ သော့ပေါက်ကနေ၍ မိမိလက်ချောင်းကို လိုဏ်ဂူအတွင်းသို့ ထိုးသွင်းပြ လိုက်လေသည်။ ထိုအခါ လတစ်ထောင်၊ နေတစ်ထောင် ထွန်းလင်းသကဲ့သို့ လိုဏ်တစ်ခုလုံးလင်းထိန်နေ၏။ ထို့နောက် နတ်သမီးက "အရှင်ဘုရား ရဟန်းတရားကို မမေ့မလျော့ မပေါ့မဆ အားထုတ် တော်မူပါဘုရား"ဟု လျှောက်ထားပြီး ရဟန်းငယ်အား ရှိခိုးကာ ဖဲခွာကွယ်ပျောက်သွားလေတော့သည်။

ဤ"မဟာသမယသုတ်"၏ အနှစ်သာရကို အဋ္ဌကထာဆရာ အရှင်မြတ်က ထုတ်ဆောင်၍ပြရာ၌ "မဟာသမယသုတ်ကို နတ်တို့သည် ချစ်ခင်နှစ်သက်မြတ်နိုးကြသည်။ ထို့ကြောင့် မြို့သစ်တည်ခြင်းစသော မင်္ဂလာအခမ်းအနားတို့၌ ရွတ်ဖတ်သရဇ္ဈာယ်သော ရဟန်းသည် အသစ်ဖြစ်သောအရပ်ဌာနတို့၌ ဤမဟာသမယသုတ်ကိုသာ ရွတ်ဆိုသင့်၏။ နတ်တို့သည် မဟာသမယသုတ်ကို နာကြားကုန်အံ့ဟု ရှေးရှုထားအပ်သော နားဖြင့် သွားလာလှည့်လည်နေကြကုန်၏"ဟူ၍ ဖွင့်ဆိုပြသတော်မူ၏။ သို့ဖြစ်၍ နယုန်လပြည့်ကာလတွင်**"မဟာသမယသုတ်"**တော်ကို ရွတ်ဖတ်ပူဇော်၍ လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးတို့ကို တိုးပွားအောင် ဆောင်ရွက်နိုင်ပါစေကြောင်း တင်ပြအပ်ပါသည်။ ။

ဗုဒ္ဓဘုရားရှင်သည် နယုန်လပြည့်နေ့၌ "မဟာသမယသုတ်တော်" ကို သက္ကတိုင်း၊ ကပိလဝတ်ပြည်အနီးရှိ မဟာဝုန်တော၌ ဟောကြားတော်မူခဲ့။ ဤသည်ကာလ နယုန်လ၌ ရန့်ပျံ့မွှေး၊ မြတ်လေးပန်းတို့သည် လည်းကောင်း၊ စံပယ်၊ ကြက်ရုန်းပန်းတို့သည် လည်းကောင်း သာယာတင့်ဆန်း ပွင့်လန်းကြကုန်လျက် ရန့်သင်းထုံ ကြိုင်လှိုင်ကြကုန်၏။

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်သတ္တဌာနဝင်းအတွင်းရှိ သတ္တဌာန (လင်းလွန်းပင်)ရုပ်ပွားတော်မြတ်ကြီး ပြုပြင်မွမ်းမံရန်အတွက် အမှတ် ၅၈၃ သုမင်္ဂလာလမ်း (၅)ရပ်ကွက် တောင်ဥက္ကလာပနေ ဦးစစ်ရွှေ-ဒေါ်ကြင်လှိုင်မိသားစုက နှစ်ဖက်မိဘများအားအမှူးထား၍ အလှူတော်ငွေကျပ် ၁၈၀၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူး ဦးလှသိန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကပ)

ထောက်ပံ့ကြေးပေးအပ်

ဇွန် ၃ ရက်က အလုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်နှင့် အတွင်းရေးမှူး ဒေါက်တာ သီရိနွယ်တို့က မွေးဖွားပြီး မိခင်များအား ထောက်ပံ့ကြေး ပေးအပ်စဉ်။ (ကပ)

လျှပ်စစ်ဓာတ်အားအပြည့်အဝ ထုတ်လွှတ်ပေးနိုင်ရေး ကြိုးပမ်း

လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်

နေပြည်တော် ဇွန် ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ နယ်မြေခံတပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၇၅၀၀၀ ပျိုးဥယျာဉ်အခြေအနေကို လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်ခြံအမှတ်(၃)နှင့် ခြံအမှတ် (၂)၌ ပျိုးပင်တစ်သိန်းခြောက်သောင်း ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးချုပ်လှမြင့်ရွှေက လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ညနေပိုင်းတွင် တိုင်းမှူးသည် လွိုင်ကော်တပ်နယ်၌ ဒေသခံပြည်သူများနှင့် နယ်မြေခံတပ်မတော်သားများ ပူးပေါင်းစိုက်ပျိုးလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူ စံပြ ၁၀ ဧကစိုက်ခင်းသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကာ တပ်နယ်ရှိ စစ်သည်၊ မိသားစုများ၏ ခြံစည်းရိုး ကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ လွိုင်ကော်တပ်နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း ၂၈၆၆ ဒသမ ၅၇ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(လောပိတ)သို့ သွားရောက်၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးတင်မောင်ဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် တိုင်းမှူးက စက်စွမ်းအားပြည့်လည်ပတ်၍ လျှပ်စစ်ဓာတ်အား အပြည့်အဝ ထုတ်လွှတ်ပေးနိုင်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး ဂရုပြုကြိုးပမ်းဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် အမှတ်(၁)ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စက်ရုံမှူး ဦးစိုးတင့်၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ၁၄ မဂ္ဂါဝပ် စက်နှစ်လုံးတပ်ဆင်လည်ပတ်၍ စုစုပေါင်း ၂၈ မဂ္ဂါဝပ်ဖြင့် လည်းကောင်း၊ စက်ရုံအမှတ်(၂)တွင် ၂၈ မဂ္ဂါဝပ် စက်ခြောက်လုံး တပ်ဆင်၍ စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ဖြင့် လည်းကောင်း တစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

ညပိုင်းတွင် တိုင်းမှူးသည် လွိုင်ကော်မြို့ရှိ မြို့နာမ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်အတွက် အလှူငွေကျပ် ၅၀၀၀၀ ကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၂၅ ရက်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေကွက် သစ်ဝယ်ယူရန်အတွက် ၆/ မဥ္ဇူလမ်း ပါရမီရိပ်သာ ရန်ကင်းနေ မိဘ များ အမှူးထား၍ ဦးလှမြင့်ဆွေ–ဒေါ်ဆွေဆွေရှိန် သားသမီးမြေး မိသားစုက အလှူတော်ငွေ အက်ဖ်အီးစီ ၁၀၀ ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ ဒေါ်ခင်မာနီ (ဧည့်ဝတီ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဒေါက်တာဦးမြင့် သိန်း၊ သမီး မသီသီမြင့်တို့အား ရည်စူး၍ တိုက် ၂၇၈ အခန်း–၇ အရှေ့ရန်ကင်းနေ ဒေါ်ခင်မျိုးလှ၊ မြေး–ဝင်းချိုဝင်း၊ လင်းချိုဝင်း၊ မရွှေရည်လင်းလက်မြင့် မိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင်ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့တွဲဖက်အတွင်းရေးမှူး (၂) ဒုတိယဗိုလ်မှူးကြီး ဘဘဏ် (ငြိမ်း) လက်ခံ ယူစဉ်။ (က–ပ)

အရည်အသွေးကောင်း တာယာများထွက်ရှိရေး ကြပ်မတ်

လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများ ခြိုးခြံချွေတာသုံးစွဲ

နေပြည်တော် ဇွန် ၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၄ ရက် မွန်းလွဲပိုင်းက မွန်ပြည်နယ် သထုံမြို့နယ်ရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)သို့ရောက်ရှိရာ စက်ရုံအထွေထွေမန်နေဂျာ ဦးမြင့်နိုင်က စက်ရုံ၏ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်နိုင်မှု၊ ၂၀၀၆–၂၀၀၇ ခုဘဏ္ဍာနှစ်တွင် ထုတ်လုပ်မှုလျာထားချက် ပြည့်မီစေရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းက ကုန်တင်ယာဉ်တာယာ၊ မော်တော်ယာဉ်တာယာ၊ မော်တော်ဆိုင်ကယ်တာယာနှင့်စက်ဘီး တာယာများ ထုတ်လုပ်နိုင်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက်ဝန်ကြီးက ၂၀၀၅–၂၀၀၆ ခုနှစ် ထုတ်လုပ်မှုများအပေါ် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်ရုံအတွင်း တာယာအမျိုးမျိုး ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြသည်။

ခြိုးခြံချွေတာသုံးစွဲ

ထို့နောက်ဝန်ကြီးက စက်များကြံ့ခိုင်မှုကို အစဉ်ပြုလုပ်ရေး၊ အရည်အသွေးကောင်းမွန်သော တာယာများ ထွက်ရှိရန် အဆင့်ဆင့် ကြပ်မတ်စစ်ဆေးရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများကို ခြိုးခြံချွေတာသုံးစွဲရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇီဝမျိုးစုံမျိုးကွဲအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

စီမံချက်ရေးဆွဲရေးအတွက် စာတမ်းများဖတ်ကြား

ရန်ကုန် ဇွန် ၈

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် (NCEA)နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) တို့ ပူးပေါင်းကျင်းပသော "နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းဗျူဟာနှင့် လုပ်ငန်းစီမံချက် ရေးဆွဲရေးဆိုင်ရာ အစပျိုးအလုပ်ရုံဆွေးနွေးပွဲ"ကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာန ရုံးဝင်းအတွင်းရှိ တော်ဝင်ခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့လုပ်ငန်းဌာန၊ တက္ကသိုလ်နှင့်ဘာသာရပ်နှင့် ဆက်စပ်နေသောအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြပြီး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းဆိုင်ရာ နည်းဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှု စီမံချက်ရေးဆွဲရေးအတွက် စာတမ်းများဖတ်ကြားခြင်းနှင့် ဆွေးနွေးခြင်းပြုလုပ်ကြ၍ အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၆ရက်က မိဘနှစ်ပါးအားရည်စူး၍ ခရမ်းမြို့ အမှတ်(၄)ရပ်ကွက် စနေလမ်းနေ ဦးစိန်နှင်း–ဒေါ်တင်တင်မြင့် (နှင်းမြင့်သီ ဓာတ်ပုံတိုက်)က ခရမ်းနာရေး ကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်ဆွေထံ အလှူငွေကျပ်တစ်သိန်း ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဂွမြို့နယ် လေဘေးအတွက်

အလှူရှင်များက အလှူငွေနှင့် ဆေးဝါးအသုံးအဆောင်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဧည့်ဝတီသာသနာပြုကျောင်းတိုက်၌ အခြေပြုစခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ဂွမြို့နယ်လေဘေးကူညီရေး ကော်မတီ(ရန်ကုန်)မှ စုဆောင်းလက်ခံရရှိငွေ ကျပ်သိန်းငါးဆယ်ခန့်ဖြင့် ဝယ်ယူခဲ့သော အသုံးအဆောင် ပစ္စည်းများနှင့် အလှူရှင်အသီးသီးတို့၏ အဝတ်အထည်မျိုးစုံစုစုပေါင်းသုံးထောင့်ငါးရာခန့်တို့ကို ကော်မတီဥက္ကဋ္ဌ ဦးကျော်ရင် (သံတွဲခရိုင်)က ဦးဆောင်၍ လေဘေးသင့်ဒေသသို့ သွားရောက်ကာ ပထမအကြိမ်အဖြစ် လှူဒါန်းပေးအပ်ပြီးဖြစ်သည်။

ဂွမြို့နယ် လေဘေးကူညီရေးစခန်းသို့ စေတနာရှင်များက နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြရာ ဇွန် ၆ရက်တွင် တက်လမ်းဆောက်လုပ်ရေးက ဦးရိန်ဝင်း၏ စည်းရုံးဦးဆောင်မှုဖြင့် အလှူရှင် ၁၅ဦးတို့က အလှူငွေနှင့် ဆေးဝါးအသုံးအဆောင် အဝတ်အထည်များကိုလာရောက်လှူဒါန်းကြရာ ကော်မတီနာယက ဦးအောင်ရွှေဦး **(အောက်ပုံ)**နှင့် ဦးဘရွှေတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ အလှူရှင်များဖြစ်ကြသော ဦးရိန်ဝင်း–ဒေါ်ခင်ချိုဦးနှင့် ဦးဝင်းသိန်း–ဒေါ်ခင်တင့်ဝေတို့က ငွေကျပ်နှစ်သိန်းစီ၊ မစ္စတာ ဆူရီဆာဝါ–ဒေါ်သင်းသင်းတို့က ငွေကျပ်တစ်သိန်းတစ်သောင်း၊ ကိုပေါ–မမီးငယ်(ချစ်သူ ဗီဒီယို)တို့က ငွေကျပ်တစ်သိန်း၊ အောင်တမန်ဆေးတိုက်က ငွေကျပ်တစ်သိန်းသုံးသောင်းသုံးထောင့်ငါးရာ တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ၊ ဒေါ်ခင်ဆွေတင့်(ဒီအိုင်စတိုး) နှင့် ကိုရီးယားအဖွဲ့က ငွေကျပ် တစ်ဆယ့်နှစ်သိန်းတန်ဖိုးရှိ ကောင်ကျူရှိုင်းရုပ် အင်္ကျီအထည် ငါးရာနှင့် ဦးရိန်ဝင်း မိသားစုတို့က ငွေကျပ် တစ်သိန်းငါးသောင်း တန်ဖိုးရှိ ရုပ်အင်္ကျီ အထည်တစ်ရာ အပါအဝင် အလှူငွေ စုစုပေါင်း ငွေကျပ် ကိုးသိန်း ခြောက်သောင်း၊ အဝတ်အထည် ဆေးဝါးမျိုးစုံအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် နှစ်ဆယ့်လေးသိန်း ငါးသောင်းနှင့် သရုပ်ဆောင် ပပဝင်းခင်က အဝတ်အထည်မျိုးစုံ ၁၁၄ ထည်တို့ ပါဝင်သည်။ ထို့အတူ ယခင်နေ့များက လာရောက် လှူဒါန်းကြရာ၌ ဦးမင်းလွင်–ဒေါ်ခင်အေးလှိုင်တို့က ငွေကျပ် တစ်သိန်း၊ ဦးမောင်အေး–ဒေါ်ခင်မြင့်တို့က ငွေကျပ်သုံးသိန်း၊ ပူစီကိတ်က ငွေကျပ်တစ်သိန်း၊ ဦးထွန်းဦး–ဒေါ်သန်းဆွေတို့က ငွေကျပ်ကိုးသောင်းနှင့် ကျောက်တော်လူငယ် နာရေးကူညီမှုအသင်းက ငွေကျပ်တစ်သိန်း အပါအဝင် စေတနာရှင် ပြည်သူများ၏ အဝတ်အထည်များ ပါဝင်ပြီး လေဘေးကူညီရေးကော်မတီကို ဇွန် ၁၅ရက် အထိ ဆက်လက် ဖွင့်လှစ်ထားရှိမည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂလန်တိုက်စစ်ကို ပါရာဂွေးခံစစ် ဘယ်လောက်တောင့်ခံနိုင်မလဲ
အဝါရောင်ဆွီဒင်က ထရီနီဒက်ကို ဂိုးပြတ်သွင်းပြီး အနိုင်ယူဖွယ်

ရန်ကုန် ဇွန် ၈

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျာမနီနိုင်ငံ၌ ယနေ့ စတင်ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အုပ်စု(က)မှ အိမ်ရှင်ဂျာမနီအသင်းနှင့် ကော့စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဒုတိယနေ့ ဇွန် ၁၀ ရက် (နက်ဖြန်) **မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အုပ်စု(ခ)မှ အင်္ဂလန်အသင်းနှင့် ပါရာဂွေးအသင်းတို့သည် ဖရန့်ဖတ်မြို့ရှိ Commerzbank Arena အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပရိသတ်အကြိုက် ပွဲကြီးပွဲကောင်းတစ်ပွဲပင်ဖြစ်သည်။**

အင်္ဂလန်အသင်း ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှု တစ်နေ့တစ်ခြား မြင့်တက်လာနေရာ ခိုင်လုံသော အကြောင်းအချက်များ ရှိသည်က အမှန်ပင်။ အင်္ဂလန်အသင်း၏ အားကစားသမားစာရင်းကို ဖတ်ကြည့်ရုံနှင့်ပင် အလွန်တောင့်တင်းသော အသင်းဖြစ်သည်ကို သိနိုင်သည်။ ပရီမီယာရှစ်ပွဲစဉ်များ၏ အရှိန်အဝါကြောင့်မြန်မာပရိသတ်များကြားတွင် အင်္ဂလန်အသင်းကို နှစ်သက်အားပေးမှု အထူးများပြားလျက်ရှိသည်။ အင်္ဂလန်အသင်း ရေပန်းစားသလောက် ဗိုလ်စွဲနိုင်ပါ့မလားဆိုသည့်အချက်မှာ ပွဲဦးထွက်၌ ပါရာဂွေးကို နိုင်ပါ့မလားဆိုသော အချက်နှင့် သက်ဆိုင်နေသည်။ ရွန်နေမပါဝင်နိုင်လျှင် ရှေ့တန်းအားနည်းချက်ရှိနေသော အင်္ဂလန်အသင်းအနေဖြင့် ခံစစ်ကစားရာ၌ ကျွမ်းကျင်သော ပါရာဂွေးအသင်းကို မည်သို့ဂိုးရအောင် သွင်းမည်နည်းဆိုသောအချက်က ပို၍ အရေးပါနေသည်။

လက်ဆုပ်လက်ကိုင်ပြစရာ

အင်္ဂလန်အသင်းသည် ၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ်က ချန်ပီယံဖြစ်ခဲ့သည်ကလွဲလျှင် ကျန်ပြိုင်ပွဲများ၌ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိချေ။ ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ဖလားပွဲ၌ စတုတ္ထရရှိခဲ့ပြီးနောက်ပိုင်း ကွာတားဖိုင်နယ်ကိုပင် မကျော်နိုင်ဘဲရှိခဲ့သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ယူရို-၂၀၀၄ ပြိုင်ပွဲများတွင် အင်္ဂလန်အသင်း ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားခဲ့သော်လည်း ဘရာဇီး၊ ပေါ်တူဂီတို့ကို ရှုံးကာ ကွာတားဖိုင်နယ်မှ လှည့်ပြန်ခဲ့ရသည်။ ဆွီဒင်လူမျိုး နည်းပြအဲရစ်ဆင်လက်ထက်၌ အင်္ဂလန်အသင်း တိုးတက်မှုရှိလာသည်ဟု ဆိုသော်လည်း လက်ဆုပ်လက်ကိုင်ပြစရာ ဖလားတစ်လုံးမျှမရှိသေးချေ။ ကမ္ဘာ့ဖလားပွဲပြီးလျှင် အင်္ဂလန်အသင်းကို စွန့်ခွာတော့မည့် နည်းပြအဲရစ်ဆင်အနေဖြင့် အောင်မြင်မှုမှတ်တိုင် စိုက်ထူပေးနိုင်ရန် အာသီသပြင်းပြလျက်ရှိသည်။

အင်္ဂလန်အသင်းသည် ခြေစစ်ပွဲစဉ်များ၌ ဥရောပဇုန် အုပ်စု(စ)၌ ပါဝင်ခဲ့ပြီး အုပ်စုပထမရရှိကာ တိုက်ရိုက် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ၌ ၁၀ ပွဲကစားရာ ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ ခြေစစ်ပွဲစဉ်၌ မြောက်အိုင်ယာလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းမှာ အင်္ဂလန်သမိုင်း၌ မြောက်အိုင်ယာလန်ကို ပထမဆုံးအကြိမ် ရှုံးနိမ့်ခြင်းပင်ဖြစ်သည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပွဲအကြို နောက်ဆုံးခြေစမ်းပွဲ ငါးပွဲကစားခဲ့ရာ လေးပွဲနိုင်ပြီး တစ်ပွဲသာရှုံးနိမ့်ခဲ့သည်။ အာဂျင်တီးနားကို သုံးဂိုး-နှစ်ဂိုး၊ ဥရုဂွေးကို နှစ်ဂိုး-တစ်ဂိုး၊ ဟန်ဂေရီကို သုံးဂိုး-တစ်ဂိုး၊ ဂျမေကာကို ခြောက်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဒိန်းမတ်ကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။


အင်္ဂလန် နည်းပြအဲရစ်ဆင်။

ဂိုးသွင်းစက်လို

အင်္ဂလန်မြေ၌ နောက်ဆုံးကစားသည့် ခြေစမ်းပွဲ၌ ဂျမေကာကို ဂိုးပြတ် အနိုင်ရရှိခြင်းကြောင့် စိတ်ဓာတ်ရေးရာ မြင့်မားခဲ့ရပြီး ပါရာဂွေးနှင့်ပွဲအတွက် များစွာအကျိုးရှိစေခဲ့သည်။ ဒဏ်ရာရထားသော တိုက်စစ်မှူး ရွန်နေမပါဝင်၍ မိုက်ကယ်အိုဝင်နှင့် ပီတာခရော့ချ်တို့ကိုတွဲ၍ ပွဲထုတ်ခဲ့သည်။ ရွန်နေအခြေအနေ မရေမရာဖြစ်နေ၍ ရှေ့တန်းအတွက် ဂိုးသွင်းစက်လိုအပ်နေချိန်တွင်အရပ်ခြောက်ပေခုနစ်လက်မရှိသော ပီတာခရော့ချ်က ဂျမေကာနှင့်ပွဲတွင် သုံးဂိုး (Hat-trick)သွင်းယူနိုင်ခဲ့၍ နည်းပြ အဲရစ်ဆင်အတွက် အားတက်စရာဖြစ်သည်။

တိုက်စစ်မှူး ရွန်နေ ကမ္ဘာ့ဖလားပွဲ၌ ပါဝင်လာသည့်တိုင် ပါရာဂွေးနှင့်ပွဲ၌ ပါဝင်ကစားနိုင်ဖွယ် မရှိသေးပေ။ သို့ဖြစ်ရာ အင်္ဂလန်ရှေ့တန်း၌ မိုက်ကယ်အိုဝင် (နယူးကာဆယ်)နှင့် ပီတာခရော့ချ် (လီဗာပူး)တို့ကိုသာ ပထမဦးစားပေး တိုက်စစ်အတွဲအဖြစ် ပွဲထုတ်ရမည်ဖြစ်သည်။ ရွန်နေ ဒဏ်ရာရရှိမှုသည် အင်္ဂလန်အသင်းအတွက် ကြီးမားသော ထိုးနှက်ချက်ဖြစ်သော်လည်း ပါရာဂွေးကို အနိုင်ရရန်မှာ အိုဝင်နှင့် ခရော့ချ်အတွဲနှင့်ပင် လုံလောက်သည်ဟု ဆိုရမည်။ ဂိုးသမား ရော်ဘင်ဆင်(စပါး)လက်မှန်ရနေပြီး နောက်တန်းမှ အက်ရှ်လေကိုး(အာဆင်နယ်)၊ ကာရေဂါ(လီဗာပူး)၊ ဂျွန်တယ်ရီ(ချယ်လ်ဆီး)နှင့် ဖာဒီနန်(မန်ယူ)တို့မှာ မည်သည့်အသင်းမှ နောက်တန်းနှင့်မဆို ပခုံးချင်းယှဉ်နိုင်ကြသည်။

စက်ရုပ် ခရော့ချ်

အင်္ဂလန်အသင်း၏ အလယ်တန်း၌ပရီမီယာရှစ်ချန်ပီယံချယ်လ်ဆီးအသင်းမှ ဖရန့်လမ်းပတ်နှင့် အက်ဖ်အေဖလားချန်ပီယံ လီဗာပူးအသင်း၏ ဦးဆောင်ကစားသမား စတီဗင်ဂျာရတ်တို့ကို ဒေးဗစ်ဘက်ခမ်(ရီးရဲမက်ဒရစ်)၊ ဂျိုကိုးလ်(ချယ်လ်ဆီး)တို့နှင့် တွဲ၍ မြင်ကြည့်ရသည်မှာ ထူးရှယ်ဖြစ်နေသည်။ ၄က်မြန် အိုဝင်နှင့် စက်ရုပ် ခရော့ချ်တို့ ဂိုးပေါက်ရှာမတွေ့ဘဲဖြစ်နေသည့်တိုင် အလယ်တန်းလူများက ကွက်ပျောက်တက်ပြီး ဂိုးသွင်းနိုင်ကြမည်ဖြစ်သည်။ လမ်းပတ်နှင့် ဂျာရတ် ကစားပေါက်တူနေသည့်အချက်ကြောင့် အဲရစ်ဆင်အနေဖြင့် တာဝန်ပိုင်း မည်သို့ပေးမည်ကို ကြည့်ရမည်ဖြစ်သည်။အလယ်တန်း၌ duty ပေးမှု မပီပြင်လျှင် ငါးသိုင်းများ ဟင်းဟုန်ဆိုသကဲ့သို့ ဖြစ်သွားမည်စိုးရသည်။

ပါရာဂွေး

ပါရာဂွေးအသင်းသည် ၁၉၉၈ ခုနှစ်နှင့် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်ခဲ့သလို ဒုတိယအဆင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်ချည်းပင် ဖြစ်သည်။ ယခုနှစ်၌ သုံးကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်ရာ ဒုတိယအဆင့် ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်ရန် မျှော်လင့်ချက်ထားရှိနေသည်။ တောင်အမေရိကဇုန် ခြေစစ်ပွဲစဉ်၌ ဘရာဇီး၊ အာဂျင်တီးနား၊ အီကွေဒေါတို့၏အောက် စတုတ္ထနေရာမှခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်များ၌ ၁၈ ပွဲကစားရာတွင် ရှစ်ပွဲနိုင် လေးပွဲသရေ ခြောက်ပွဲရှုံး ရလဒ်ရှိခဲ့သည်။

ပါရာဂွေးအသင်းသည်ခံစစ်ကစားရာတွင် ကျွမ်းကျင်သောကြောင့် တောင်အမေရိကတိုက်၏ ခံစစ်ဘုရင်အသင်းဟု ကျော်ကြားသည်။သို့သော် ဂိုးသမားကြီး ချီလာဗတ် ခေတ်လွန် ပါရာဂွေးအသင်းကို ကိုင်တွယ်သော နည်းပြများက ခံစစ်သက်သက်ကစားသည်ဟူသော တံဆိပ်ကို ခွာချနိုင်ရေးအတွက် တိုက်စစ်ပိုင်းကို ဦးစားပေးလာသည်။ ပါရာဂွေးအသင်း၏ နည်းပြ အန်နီဘယ်လ်ရစ်ဇ်သည် ဥရုဂွေး နိုင်ငံသားဖြစ်ပြီး အသက် ၆၀ ကျော်ပြီဖြစ်သည်။ ပြိုင်ပွဲဝင် ၃၂ သင်း၏ နည်းပြများထဲ၌ မျက်နှာသစ်နည်းပြ သုံးဦးပါဝင်ရာ အန်နီဘယ်လ်ရစ်ဇ်မှာ တစ်ဦးအပါအဝင်အဖြစ်သည်။ နည်းပြ အန်နီဘယ်လ်ရစ်ဇ်သည် ပါရာဂွေးအသင်းကို ၄-၄-၂ ပုံစံ အထိုင်ချပြီး ဇုန်ခံစစ်ဖြင့် သိပ်သိပ်သည်းသည်း ကစားစေသည်။

ကျစ်ကျစ်လျစ်လျစ်

ပါရာဂွေးအသင်းသည် ခြေစစ်ပွဲစဉ်များ၌ တိုက်စစ်ဦးစားပေးကစားခဲ့ရာ အားနည်းချက်များ ရှိခဲ့သည်။ အိတ်ပေါက်နှင့် ဖားကောက်ဆိုသလို ရှေ့တန်းက ဂိုးများသွင်းယူနိုင်သော်လည်း နောက်တန်းက ဂိုးများပြန်ပေးနေရသည်။ ခြေစစ်ပွဲစဉ်များ၌ ၃၂ ဂိုးသွင်းယူနိုင်ပြီး ၂၃ ဂိုးအသွင်းခံရသည့်အချက်က နောက်တန်းအားနည်းမှုရှိခဲ့သည်ကို ပြနေသည်။သို့သော် ယခုနောက်ပိုင်း၌ ခံစစ်ပိုင်းကို ကျစ်ကျစ်လျစ်လျစ်ပြန်လည်တည်ဆောက်ထားရာ အင်္ဂလန်အသင်း ဘက်စုံထောင့်စုံမှ ကစားပေါက်စုံအောင် ထိုးဖောက်နိုင်မှ တော်ကာကျမည်ဖြစ်သည်။

ပါရာဂွေးအသင်းတွင် နာမည်ကြီး ဘောလုံးသမားအဖြစ် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဆန်တာခရုဇ် ရှိသည်။ အင်္ဂလန်နည်းပြ အဲရစ်ဆင်က ပါရာဂွေးတိုက်စစ်မှူး ဆန်တာခရုဇ်သည်မိမိတို့ကိုဒုက္ခကောင်းကောင်းပေးနိုင်သည်ဟု ပြောထားသည်။ ဆန်တာခရုဇ် ဒဏ်ရာပျောက်ကင်းပြီး ကြံ့ခိုင်မှု ပြန်ကောင်းလာသော်လည်း တွဲဖက်တိုက်စစ်မှူး ဂျိုဆေးကာဒိုဇို (ဆန်လော်ရင်ဇို)မှာ ဒဏ်ရာကြောင့် အသင်းမှ နုတ်ထွက်လိုက်ရသဖြင့် အားနည်းသွားသည်။ ပါရာဂွေး၏ ထိပ်တန်းဂိုးသွင်းရှင် ကာဒိုဇို မပါဝင်နိုင်၍ ဒန်တစ်လိုပက်ဇ်(ဂျီနိုအာ)ကို အစားထိုးခေါ်ယူလိုက်ရသည်။

အင်္ဂလန် အလယ်တန်းလူ ဖရန့်လမ်းပတ်(ချယ်လ်ဆီး)။

ခံစစ်အားပြု

အင်္ဂလန်အသင်းနှင့် ပါရာဂွေးအသင်းတို့ ယခင်က နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးရာ အင်္ဂလန်က နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ အင်္ဂလန်အသင်းက ပွဲဦးထွက်ပွဲစဉ်များ၌ ခြေစွမ်း ထင်သလောက်မပြနိုင်ဘဲ ရှိတတ်သည်။ ပါရာဂွေးအသင်းက ဂိုးမပေးရရေးအတွက် ခံစစ်အားပြုကစားမည့်အချက်က အင်္ဂလန်အသင်း ဂိုးရဖို့ ခက်ခဲစေနိုင်သည်။ သို့သော် ပါရာဂွေးနောက်တန်းမှာ ယခင်က ပါရာဂွေးအသင်းများ၏ နောက်တန်းလောက် တောင့်တင်းမှုမရှိသည့် အချက်ကြောင့် ပီတာခရော့ချ်၏ စက်ရုပ်အကကို ကြည့်ခွင့်ရဖို့ များသည်။ ဘက်ခမ်၏ ကန့်လန့်ဖြတ်ဘော၊ လမ်းပတ်နှင့် ဂျာရတ်တို့၏ ၁၈ကိုက်ထိပ်မှ မနားတမ်းကန်သွင်းချက်များကလည်း ရှိနေပြန်ရာ ကစားပေါက်စုံလှသည့် အင်္ဂလန်တိုက်စစ်ကို ပါရာဂွေး ခံစစ် ကြာရှည်တောင့်ခံနိုင်မည်မထင်ပေ။ အင်္ဂလန်အသင်း အနိုင်ရမည့်ဘက်မှ ရဲရဲကြီး ရပ်ကြည့်ချင်ပါသည်။

ထရီနီဒက်နှင့် ဆွီဒင်

ဇွန် ၁၀ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဒေါ့မွန်မြို့ရှိ Signal Iduna Park အားကစားကွင်း၌ အုပ်စု(ခ)မှ ထရီနီဒက်နှင့် တိုဘာဂိုအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အင်္ဂလန်နှင့် ပါရာဂွေးပွဲတွင် အင်္ဂလန်က ဂိုးပြတ် အနိုင်ရရှိခဲ့သည်ရှိသော် ဆွီဒင်တို့ကလည်း အားကျမခံ ဂိုးမိုးရွာပြမည့် အနေအထားဖြစ်သည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ စင်မြင့်ထက်သို့ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်ပြီး တက်ရောက်လာသော ထရီနီဒက်နှင့် တိုဘာဂိုအသင်းအနေဖြင့် ဆွီဒင်အသင်းနှင့် ပွဲဦးထွက်တွေ့ရခြင်းမှာ ကံဆိုးသည်ဟုသာ ပြောရမည်။

ထရီနီဒက်နှင့် တိုဘာဂိုအသင်းသည် ၁၉၆၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်ခြင်းမရှိဘဲ ယခုပြိုင်ပွဲမှသာ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်လာသော မျက်နှာသစ်အသင်းဖြစ်သည်။ တစ်ချိန်က မန်ချက်စတာယူနိုက်တက်အသင်း၏ တိုက်စစ်မှူးဖြစ်ခဲ့သော ဒွိုက်ယော့ခ်၏ ကျော်ကြားမှုကြောင့် ထရီနီဒက်အသင်းကို ပို၍ အာရုံစိုက်မိစေခြင်း ဖြစ်သည်။ လောရင့်(ဝရက်ဇ်ဟမ်း)၊ စတန်းဂျွန်(ကိုဗင်ထရီ)နှင့် ဂျုံးစ်(ဆောက်သမ်တန်)တို့မှာ အသင်း၏ အမာခံအင်အားများဖြစ်ကြသည်။ ထရီနီဒက်အသင်း၏ နည်းပြ လီယိုဘင်းနဟတ်ကာသည် ဟော်လန်နိုင်ငံသား ဖြစ်သည်။ နည်းပြ လီယိုဘင်းနဟတ်ကာသည် ရီးရဲမက်ဒရစ်အသင်းကို တာဝန်ယူခဲ့ဖူးပြီး အမှတ်ပေးချန်ပီယံဆု သုံးကြိမ်ဆက်တိုက်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ခြေစစ်ပွဲအောင်

ထရီနီဒက်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်မှာ ၄၇ ဖြစ်သည်။ ခြေစစ်ပွဲစဉ်၌ အုပ်စု နောက်ဆုံးအဆင့်၌ အဆင့်လေးသာရရှိသဖြင့် တိုက်ရိုက် ခြေစစ်ပွဲမအောင်ဘဲ အာရှမှ နေရာတစ်ဝက်ရရှိသည့် ဘာရိန်းအသင်းနှင့် Play-Off ကစားခဲ့ရသည်။ ပထမအကျော့ ဘာရိန်းကွင်း၌ တစ်ဂိုးစီ သရေကျခဲ့ပြီး ဒုတိယအကျော့ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။

ဆွီဒင်အသင်း

အဝါရောင်ဝတ်စုံပိုင်ရှင် ဆွီဒင်အသင်းသည်ကမ္ဘာ့ဘောလုံးလောက၌ အားလုံး၏ လေးစားအသိအမှတ်ပြုခြင်းခံရသည့် ခြေစွမ်းပိုင်ရှင်များ ဖြစ်သည်။ ဆွီဒင်အသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဗိုလ်မစွဲဖူးသေးသော်လည်း ဒုတိယဆုနှစ်ကြိမ်ရရှိခဲ့ဖူးသည့် သမိုင်းကြောင်းရှိထားရာ ပြိုင်ဘက်တိုင်းက လေးစားရသော အဆင့်၌ရှိသည်။ စကင်ဒီနေးဗီးယားဒေသမှ ဆွီဒင်အသင်းသည် ဥရောပမှ ကလပ်များတွင် ခြေစွမ်းပြနေသော ဘောလုံးသမားများဖြင့် ဖွဲ့စည်းထားသည်။ ဆွီဒင်အသင်းမှ အီဘရာဟီမိုဗစ်(ဂျူဗင်းတပ်)၊ ယွန်းဘတ် (အာဆင်နယ်)၊ မဲလ်ဘတ်(အက်စတွန်ဗီလာ)၊ လာဆင်(ဘာစီလိုနာ)နှင့် ရိုဆင်ဘတ် (အေဂျက်စ်)တို့သည် ခြေစွမ်းသူများ ဖြစ်သည်။

စွမ်းဆောင်နိုင်

ဆွီဒင်အသင်းသည် ခြေစစ်ပွဲ၌ ခရိုအေးရှားအသင်းနှင့် ရမှတ်တူညီသော်လည်း ထိပ်တိုက်ဆုံတွေ့မှုတွင် ရှုံးထားသောကြောင့် အုပ်စုဒုတိယသာရရှိခဲ့သည်။ သို့သော်လည်း အကောင်းဆုံးအုပ်စု ဒုတိယတစ်နေရာရရှိသဖြင့် Play-off ပွဲမကစားရဘဲ တိုက်ရိုက် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်၌ ၁၀ ပွဲကစားရာတွင် ရှစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးခဲ့သည်။ ဆွီဒင်အသင်း နည်းပြလာဂျာဘတ်သည် ဆွီဒင်လူမျိုးဖြစ်ပြီး ယခင်က ဆိုဒါဘတ်နှင့် ပူးတွဲတာဝန်ယူခဲ့သည်။ နည်းပြနှစ်ဦး ပူးတွဲတာဝန်ယူခဲ့ရာမှ ဆိုဒါဘတ်နုတ်ထွက်သွား၍ လာဂျာဘတ် တစ်ဦးတည်း ကိုင်တွယ်လာခဲ့ရာ နိုင်ငံတကာပြိုင်ပွဲလေးခုတွင် ဆက်တိုက်ပါဝင်ကစားခွင့်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထိပ်တန်းအဆင့်

ဆွီဒင်အသင်းသည် ၄-၄-၂ ပုံစံ လူနေရာချထားမှုဖြင့် ကစားကွက်တည်ဆောက်သည်။ လက်ရှိကမ္ဘာ့အဆင့် ၁၆ ရှိသော ဆွီဒင်အသင်းကို အုပ်စု(ခ)၌ အုပ်စုပထမနေရာကိုပင် ရယူသွားနိုင်သည်ဟု ထင်ထားသူများလည်း ရှိသည်။ ဆွီဒင်အသင်းနှင့် ထရီနီဒက်အသင်းတို့ကို နှိုင်းယှဉ်ကြည့်လျှင် အရည်အချင်းက တစ်ခြားစီဖြစ်နေသည်။ ဆွီဒင်ရှေ့တန်းမှ လာဆင်နှင့် အီဘရာဟီမိုဗစ်အတွဲက ဂိုးသွင်းစွမ်းရည် ထိပ်တန်းအဆင့်၌ရှိသည်။ အီဘရာဟီမိုဗစ်သည် ယူရို-၂၀၀၄ တွင် အထူးခြေစွမ်းပြနိုင်ခဲ့သလို ယခုပြိုင်ပွဲ၌လည်း ဂိုးအများဆုံးသွင်းသူ ဖြစ်နိုင်သည်။ အလယ်တန်းမှ ယွန်းဘတ်နှင့် ဆဗန်ဆင်တို့၏ ပံ့ပိုးမှုများဖြင့် ပေါင်းစပ်လိုက်ပါက ဆွီဒင်အသင်း ဂိုးပြတ်အနိုင်ရရန် သေချာနေပါကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ-ကိုထွေး

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များ

ရက်စွဲ	ယှဉ်ပြိုင်မည့်အသင်းများ	မြန်မာစံတော်ချိန်	ကျင်းပမည့်နေရာ
၉-၆-၂၀၀၆	ဂျာမနီ-ကော့စတာရီကာ	ည ၁၀ နာရီခွဲ	မြူးနစ်
၁၀-၆-၂၀၀၆	ပိုလန်-အီကွေဒေါ	နံနက် ၁ နာရီခွဲ	ဂျယ်လ်ဆင်ကာချန်
၁၅-၆-၂၀၀၆	ဂျာမနီ-ပိုလန်	နံနက် ၁ နာရီခွဲ	ဒေါ့မွန်
၁၅-၆-၂၀၀၆	အီကွေဒေါ-ကော့စတာရီကာ	ည ၇ နာရီခွဲ	ဟမ်းဘတ်
၂၀-၆-၂၀၀၆	အီကွေဒေါ-ဂျာမနီ	ည ၈ နာရီခွဲ	ဘာလင်
၂၀-၆-၂၀၀၆	ကော့စတာရီကာ-ပိုလန်	ည ၈ နာရီခွဲ	ဟန်နိုဗာ

ကမ္ဘာ့ဖလား သတင်းဂယက်

၁၉၆၆ ခုနှစ်က ကမ္ဘာ့ဖလားဖိုလ်စွဲခဲ့သော အင်္ဂလန်အသင်း နှစ် ၄၀ အကြာမှာ ကမ္ဘာ့ဖလားမှတ်တိုင်သစ် စိုက်ထူနိုင်မည်လော

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇွန် ၈

ကမ္ဘာ့ဖလားအုပ်စု(ခ)မှ အင်္ဂလန်အသင်းသည် အသင်းတိုက်စစ်မှူး ရွန်နေဆေးစစ်ဆေးမှု အောင်မြင်သွားသဖြင့် ကမ္ဘာ့ဖလားမျှော်လင့်ချက်မှာ ပိုမိုရှင်သန်လာခဲ့သည်။

၁၉၆၆ခုနှစ်က ကမ္ဘာ့ဖလားဖိုလ်စွဲနိုင်ခဲ့သော အင်္ဂလန်အသင်းသည် ၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ဖလားအောင်နိုင်မှု မှတ်တိုင်သစ် စိုက်ထူလိမ့်မည်လောဟု ဘောလုံးပရိသတ်များအကြား သို့လောသို့လော ဖြစ်နေကြသည်။

အင်္ဂလန်အသင်းတွင် ဂိုးသမားများအဖြစ် ရိုဘင်ဆွန်၊ ဂျိမ်းနှင့် ကာဆွန်တို့အား ရွေးချယ်ထားသည်။ ပေါ်ရိုဘင်ဆွန်နှင့် ဒေးဗစ်ဂျိမ်းတို့သည် အတွေ့အကြုံရင့်ကျက်သည့် ဂိုးသမားများဖြစ်သည်။ သို့ရာတွင် စကော့ကာဆွန်သည် နိုင်ငံတကာပွဲ အတွေ့အကြုံ နည်းသည့် ဂိုးသမားဖြစ်သည်။ တော့တင်ဟမ်အသင်းတွင် ဖမ်းပေးနေသော ဂိုးသမားရိုဘင်ဆွန်သည် အငြင်းပွားဖွယ်မရှိ အကောင်းဆုံး အစွမ်းပြဖမ်းနိုင်သည့် ဂိုးသမားဖြစ်သည်။

မန်စီးတီးတွင် ကစားနေသော ဂိုးသမားဒေးဗစ်ဂျိမ်းသည် အကောင်းဆုံးဂိုးသမားတစ်ဦးဖြစ်သည်။ သို့ရာတွင် အမှားအယွင်း အနည်းငယ်ရှိသည်။

ရွေးထား

အင်္ဂလန်အသင်း၏ နောက်တန်းတာဝန်ကို လီနာဗီးလ်၊အက်ရှ်လေကိုး၊ ဖာဒီနန်၊ တယ်ရီ၊ ကင်းဘဲလ်၊ ကာရေဂါနှင့် ဘရစ်တို့အား နည်းပြ အဲရစ်ဆင်က ရွေးထားသည်။

အတွေ့အကြုံရင့်ကျက်

ယင်းတို့အနက်မှ ဂါရီနာဗီးလ်၊ ဆိုးလ်၊ ကင်းဘဲလ်နှင့် ဂျွန်တယ်ရီတို့မှာ နောက်တန်း၏ ခေါင်းဆောင်များ ဖြစ်သည်။ အက်ရှ်လေကိုးနှင့် ဖာဒီနန်တို့သည် အတွေ့အကြုံ ရင့်ကျက်သော ကစားသမားများဖြစ်သည်။ ယင်းနောက်တန်း ကစားသမားများသည် အင်္ဂလန်ကလပ်အသင်းများ၌ နာမည်ရနောက်တန်း ကစားသမားများဖြစ်သည်။



အင်္ဂလန်အသင်း ကမ္ဘာ့ကျော်များ

၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ဖလား ဆွတ်ခူးရန် မျှော်လင့်ထားသော အင်္ဂလန်အသင်းမှ ဒေးဗစ် ဘက်ခမ်းနှင့် ကစားဖော်များ။

(ဓာတ်ပုံ-အင်တာနက်)

၁၉၆၆ခုနှစ်က အင်္ဂလန်အသင်း ကမ္ဘာ့ဖလားဖိုလ်စွဲစဉ် ဤသို့ အောင်ပွဲခံခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်း၏ အလယ်တန်းတာဝန်များကိုဒေးဗစ်ဘက်ခမ်း၊ဂျရတ်၊ လမ်းပတ်၊ ကိုးလ်၊ လန်နွန်၊ ကာရစ်၊ ဂျီးနက်စ်၊ ဟာဂရီအဗက်နှင့် ဒေါင်းနင်းတို့အား ရွေးချယ်ထားသည်။

ကမ္ဘာ့ကျော်များ

ယင်းတို့အနက် ဒေးဗစ်ဘက်ခမ်း၊ လမ်းပတ်၊ စတီဗင်ဂျရတ်နှင့် ဂျိုကိုးလ်တို့သည် အတွေ့အကြုံ ရင့်ကျက်သည့်အလယ်တန်းကစားသမားများဖြစ်သည်။ ယင်းကွင်းလယ်စတားလေးဦးသည် နည်းပြအဲရစ်ဆင် ထင်ထားသည့်အတိုင်း ပြိုင်ပွဲတစ်လျှောက် မွှေနှောက် ခြေစွမ်းပြကြမည့် ကမ္ဘာ့ကျော်များဖြစ်သည်။

အင်္ဂလန်အသင်းအတွက်ဘက်ခမ်းက ၁၆ ဂိုး၊ ဂျရတ်က ခုနစ်ဂိုး၊ လမ်းပတ်က ၁၁ ဂိုးနှင့် ဂျိုကိုးလ်က ငါးဂိုးသွင်းပေးထားပြီး ဖြစ်သည်။

အင်္ဂလန် ရှေ့တန်း တိုက်စစ်မှူးတာဝန်များကို အိုဝင်၊ ရွန်နေ၊ ခရောင့်ချ်နှင့် ဝေါလ်ကော့တို့အား ရွေးချယ်ထားသည်။

မိုက်ကယ်အိုဝင်နှင့် ရွန်နေတို့သည် ကမ္ဘာ့ဖလား အောင်နိုင်ရေးအတွက် အဓိကကျသောတိုက်စစ်မှူးများဖြစ်သည်။ ယင်းတို့နှစ်ဦးသည် အကောင်းဆုံး မကစားနိုင်ခဲ့လျှင် အင်္ဂလန်အသင်းအောင်နိုင်ရေးအတွက် ခက်ခဲပေလိမ့်မည်။ အဓိကပြိုင်ပွဲကြီးများတွင် အနိုင်ဂိုးများ သွင်းပေးရန် လိုအပ်လိမ့်မည်ဖြစ်သည်။

အလားအလာကောင်း

ပီတာခရောင့်ချ်သည် မကြာသေးမီက ခြေစစ်ပွဲများတွင် ဂိုးသွင်းဘုရင်ဖြစ်နေပြီး ဝေါလ်ကော့မှာ လူငယ်တိုက်စစ်မှူးဖြစ်ပြီး အင်္ဂလန်အသင်းအတွက် အလားအလာကောင်းသည့် တိုက်စစ်မှူးဖြစ်သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက် အဆင့် ၁၀ ရှိပြီး ကမ္ဘာ့ဖလားဖိုလ်စွဲရန် ရေပန်းစားနေ သောအသင်းများတွင် ပါဝင်သည်။

စိတ်ဝင်စား

၁၉၆၆ခုနှစ်က အင်္ဂလန်အသင်းခေါင်းဆောင် ဘော်ဘီမိုး ကိုင်မြှောက်ခဲ့သည့် ကမ္ဘာ့ဖလားကို ၂၀၀၆ခုနှစ်တွင် အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ကိုင်မြှောက်နိုင်မည်လားဆိုသည့်အဖြေကို ကမ္ဘာ့ဘောလုံးပရိသတ်များက အထူးစိတ်ဝင်စားနေကြသည်။

အင်္ဂလန်အသင်းသည် ၁၉၆၆ ခုနှစ်က အနောက်ဂျာမနီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး ကမ္ဘာ့ဖလားကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးနိုင်ခဲ့သည်။ ။

အင်္ဂလန်အသင်းပွဲစဉ်များ

အင်္ဂလန်	နှင့်	ပါရာဂွေး	-	ဇွန် ၁၀ ရက်	၁၉း၃၀ နာရီ
အင်္ဂလန်	နှင့်	ထရီနီဒက်	-	ဇွန် ၁၅ ရက်	၂၂း၃၀ နာရီ
အင်္ဂလန်	နှင့်	ဆွီဒင်	-	ဇွန် ၂၀ ရက်	၀၁း၃၀ နာရီ

(အင်တာနက်)

အင်္ဂလန် တိုက်စစ်မှူး ရွန်နေ

အင်္ဂလန် တိုက် စစ် မှူး ရွန်နေ ဂျာမနီ၌ အင်္ဂလန်အသင်း လေ့ ကျင့် ရာ ၌ ဤသို့ ပါဝင်ခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ရွန်နေ၏ ခြေထောက်ဒဏ်ရာ ဆေးစစ်မှုအောင်မြင် အုပ်စုပွဲများအလွန်တွင် ပါဝင်ကစားနိုင်မည်ဟုဆို

လန်ဒန် ဇွန် ၈

တိုက်စစ်မှူး ဝိန်းရွန်နေသည် ကမ္ဘာ့ဖလားအင်္ဂလန်အသင်းတွင် ပါဝင်ကစားရန် အခွင့်လမ်းကောင်းတစ်ရပ် ရရှိသွားပြီဖြစ်ကြောင်း မန်ချက်စတာယူနိုက်တက်အသင်းက ပြောကြားသည်။

သို့ရာတွင် ၎င်း၏ကလပ်က ညာဖက်ခြေဖဝါးကျိုးခဲ့သော ရွန်နေသည် အုပ်စုအဆင့်ကျော်ပြီးမှသာလျှင် ပါဝင်ကစားသင့်ကြောင်း အခိုင်အမာ ပြောကြားလိုက်သည်။

ပြန်လည်သွားရောက်

၎င်းသည် မန်ချက်စတာတွင် နောက်ဆုံးဓာတ်မှန်စစ်ဆေးပြီးနောက် ဇွန် ၇ ရက်က ဂျာမနီရှိ ၎င်း၏အင်္ဂလန်အသင်းသို့ ပြန်လည်သွားရောက်ခဲ့သည်။

အဆိုပါ အင်္ဂလန်တိုက်စစ်မှူး ရွန်နေသည် ထိုနေ့က မန်ချက်စတာ၌ ၎င်း၏ဓာတ်မှန်စစ်ဆေးချက် ရလဒ်အဖြေကို ဆရာဝန်များက စစ်ဆေးနေစဉ်အတွင်း ဆေးခန်းတစ်ခု၌ နှစ်နာရီကြာမြင့်ခဲ့သည်။

ရွန်နေသည် အုပ်စုအဆင့်အလွန်ပွဲစဉ်များတွင် ပါဝင်ကစားရန် အခွင့်လမ်းကောင်းတစ်ရပ် ရရှိသွားကြောင်း ဆေးဝါးကျွမ်းကျင်သူများက ပြောကြားသည်။

ဆုံးဖြတ်ချက်ချမည်

အင်္ဂလန်အသင်းက ရွန်နေအား အသင်းတွင်ပါဝင်ကစားမည် မကစားမည်ကို ပါရာဂွေးနှင့် အဖွင့်ပွဲမကစားမီ ၂၄ နာရီအတွင်း ဆုံးဖြတ်ချက်ချမည်ဟုဆိုသည်။

ရွန်နေ အင်္ဂလန်အသင်းတွင်ပါဝင်ကစားနိုင်ခဲ့လျှင် တော့တင်ဟမ်မှ ဂျာမိန်းဒီဖိုးသည် ကံမကောင်းစွာဖြင့် အရန်ခုံတွင်ထိုင်ပြီး အင်္ဂလန်သို့ပြန်ရဖွယ်ရှိသည်။ **(အင်တာနက်)**

စာမျက်နှာ ၉ မှ

ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်သူထုနှင့် လူငယ်ထုများ အတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိပညာနှင့် ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းဆိုင်ရာ ဗဟုသုတ အသိပညာများ တိုးတက်လာကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းမှာလည်း ၂၀၀၀ ပြည့်နှစ်မှစ၍ ကျဆင်းလာကြောင်း၊ ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာနှင့် လူမှုရေးအသင်းအဖွဲ့များမှ ထောက်ပံ့မှုများ ရရှိခဲ့သဖြင့် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ အကျိုးရလဒ်ကောင်းများ ရရှိနေချိန်တွင် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund) က ၂၀၀၅ ခုနှစ်တွင် တစ်ဖက်သတ်ရပ်တရက်ထောက်ပံ့မှုများ ရပ်ဆိုင်းခဲ့ကြောင်း၊ သို့သော် မြန်မာနိုင်ငံအနေဖြင့် ဤရောဂါဆိုးကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါတိုက်ဖျက်ရာ၌ ငွေကြေးအကူအညီ ရရှိနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချ၍ တိုက်ဖျက်ရေးလုပ်ငန်းများကို သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်းကို တင်ပြလိုကြောင်း၊ ထိုနည်းတူစွာ ကမ္ဘာတစ်ဝန်းလုံးအတွက် တာဝန်ရှိအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအနေဖြင့်လည်း ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့၏ ကျရာအခန်းကဏ္ဍအလိုက် လက်တွေ့ကျကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားလျှင် ဤရောဂါဆိုးကို တိုက်ဖျက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့လျှင် ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၁၀ ခုနှစ်ရည်မှန်းချက်များနှင့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် အမှတ်စဉ် (၆)၏ ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အထွေထွေညီလာခံ အုပ်စုများက မေ ၃၁ ရက်၊ ဇွန် ၁ ရက်နှင့် ၂ရက်တို့တွင် တင်ပြဆွေးနွေးချက်များကို အခြေခံ၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ပတ်သက်သော ကုလသမဂ္ဂကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

ယင်းနောက် သဘာပတိ ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌ မစ္စတာရန်အလီယာဆင်က နိဂုံးချုပ်မိန့်ခွန်းပြောကြားကာ အထွေထွေညီလာခံကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက်တွင် လေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ခုခံကျ/ကာလသား) ဒေါက်တာမင်းသွယ်လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပလောက်မြို့၌ရွှေတိဂုံပုံတူစေတီတော် မြေသန့်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၈

တနင်္သာရီတိုင်း ပလောက်မြို့၌ ရွှေတိဂုံ ပုံတူစေတီတည်ထားကိုးကွယ်ရေးအတွက် မြေသန့်မင်္ဂလာအခမ်းအနားကို မေ ၂၅ရက် နံနက်ပိုင်းက အဆိုပါစေတီကုန်းတော်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆီတောင်ကျောင်းဆရာတော်အမှူးပြုသော သံဃာတော်များ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်မြင့်၊ ပလောက်မြို့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆီတောင်ကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

လယ်တီတရားစခန်းပွဲ မင်းဘူး၌ ဖွင့်မည်

ရန်ကုန် ဇွန် ၈

မင်းဘူးမြို့ ဓာတ်တော်ကုန်းဘုရားကုန်းမြေ၌ လယ်တီဓမ္မဗိမာန်ဓမ္မာရုံနှင့်ယောဂီဆောင်များ ရေစက်ချပွဲနှင့်အတူ လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇွန်၂၄ရက် (နယုန်လကွယ်နေ့)တွင် စတင်မည်ဖြစ်ရာ ရန်ကုန်မြို့ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် နာယကဆရာတော်များ ကြီးမှူးသော လယ်တီကမ္မဋ္ဌာနာစရိယများက သင်ကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများနှင့် ဆွမ်းကိစ္စလှူဒါန်းလိုသူများသည် ဘုရားဂေါပက ဦးဇေယျ ဖုန်း-၀၆၅-၃၀၂၉၀သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် တစ်နှစ်လျှင် သုံးကြိမ်ပုံမှန်တရားစခန်းများ ဆက်လက်ဖွင့်သွားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မေ ၁၆ ရက်က ရန်ကုန်တိုင်း လှိုင်သာယာစက်မှုမြို့ ရောရွှေဝါ ကုမ္ပဏီ ရွှေမေတ္တာဇီဝမြေသြဇာ လုပ်ငန်းမိသားစုက လေဘေးသင့် ပြည်သူများအတွက် အလှူငွေကျပ်နှစ်သိန်းကို မြို့နယ်ရုံး၌ ဈေးကွက်နှင့် အရောင်းမြှင့်တင်ရေး မန်နေဂျာ ဦးလှိုင်ဇော်ထွန်းနှင့် ဦးအေးကျော်တို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က လက်ခံယူစဉ်။

(၁၈၀)

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ်အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇွန်၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအထိ နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။

(က-ပ)

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေ့စေ့ပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ် ၂၁၄၊ မြေညီထပ်နေ (ဦးစိုးမြင့်)-ဒေါ်မြကြည်တို့၏သား

မောင်သိန်းထွန်း B.Sc (Maths)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄)ရပ်ကွက်နေ ဦးခင်မောင်-ဒေါ်မေကြည်တို့၏သမီးကြီး

မကြည်လှဲ့ဝင်း B.Sc (Chemistry)

တို့သည်၈-၆-၂၀၀၆ရက် (ကြာသပတေးနေ့)က နှစ်ဖက်မိဘများ၏ ခွင့်ပြုသဘောတူညီချက်အရ Shan Kan-Hongkong Style Restaurant ခန်းမ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်သိန်းထွန်း-မကြည်လှဲ့ဝင်း။

မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက်

Dozer Operators

(ပြည်တွင်း၌ခန့်ထားရန်)

မြန်မာ့အလင်းသတင်းစာတွင် ၂၀၀၅ခုနှစ် အောက်တိုဘာလ ၂၆ရက်နှင့် ၂၈ရက်တို့တွင်ကြော်ငြာခဲ့သော မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက်တွင် လစ်လပ်လျက်ရှိသော Dozer Operator ရာထူးများအတွက် လျှောက်လွှာတင်ခဲ့သူများအနက် စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်သည့် လျှောက်လွှာရှင်များအား လူတွေ့စစ်ဆေးနိုင်ရန်အတွက် ယခုကြော်ငြာသည်မှ ဇွန်လ ၂၆ရက်အတွင်း အုပ်ချုပ်ရေးဌာန(မုံရွာဆိုက်ရုံး)သို့ အချိန်မီဆက်သွယ် သတင်းပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။

လူတွေ့စစ်ဆေးမည့် လျှောက်လွှာရှင် တစ်ဦးချင်းထံသို့ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ပါသည်။

လူတွေ့စစ်ဆေးစာမေးပွဲအား ဇွန်လ ၂၆ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စုံစမ်းမေးမြန်းလိုပါက အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝန်ထမ်းရွေးချယ်ရေးအဖွဲ့
မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက်

ဆက်သွယ်ရန်လိပ်စာ

၁။ မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီ၊ ရန်ကုန်ရုံး၊ အမှတ် ၇၀(အိုင်) ဗိုလ်ချိန်လမ်း၊ ၆မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၅၁၄၁၉၄-၇)

၂။ မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီ၊ အထွေထွေမန်နေဂျာရုံး၊ ကြေးနီသတ္တုတွင်း၊ ဆားလင်းကြီးမြို့နယ်၊ မုံရွာမြို့အနောက်ဘက်ကမ်း။ (ဖုန်း-၀၇၁-၂၂၂၂၅/၆)

အမည်ပြောင်း

အထက(၅)ဗိုလ်တထောင် တက္ကသိုလ်ဝင်တန်း (A)မှ ဦးအေးချို၏သား မောင်ပိုင်စိုးအား ယနေ့မှစ၍ မောင်မင်းသူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းသူ။

ဖခင်အမည်မှန်

အထက(၄) အလုံမြို့နယ် အဋ္ဌမတန်းမှ မတွယ်တာလွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ခိုင်ဦး ဖြစ်ပါသည်။

ဦးအောင်ခိုင်ဦး။

အနူးအညွတ် တောင်းပန်အပ်ပါသည်

၂၀၀၆ခုနှစ် ဧပြီလထုတ် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းတွင် ကျွန်တော်ရေးသားသော **"တည်းခိုခန်းမှညတစ်ည"** ဝတ္ထုတိုတွင်ပါဝင်သည့် ပုသိမ်မြို့မှ **"ရောဝဏ်"** တည်းခိုခန်းဟုရေးသားမှုမှာ မတော်တဆ တိုက်ဆိုင်မှုသာဖြစ်ပါသည်။ ထို့ပြင် ထိုတိုက်ဆိုင်မှုမှာ ကျွန်တော်၏စိတ်ကူးယဉ်မှုသာဖြစ်ပါကြောင်း သို့အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။

စာရေးသူ-ကနဲ(ဘိုကလေး)။

၂၀၀၆ခုနှစ် ဧပြီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါဝင်သော စာရေးဆရာ **ကနဲ(ဘိုကလေး)** ရေးသားသော **"တည်းခိုခန်းမှ ညတစ်ည"**တွင် ပါဝင်သွားသော ပုသိမ်မြို့မှ **"ရောဝဏ်"**တည်းခိုခန်းအမည်မှာ မတော်တဆ တိုက်ဆိုင်မှုသာဖြစ်၍ ကာယကံရှင်များအား မဂ္ဂဇင်းမှ အနူးအညွတ်တောင်းပန်အပ်ပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း။

အမည်ပြောင်း

အဖ မန်းအန်ဂျေလူး၏သား စဂျေမောင်မောင် ၁၄/မမန(နိုင်) ၁၈၇၁၃၇ ကိုင်ဆောင်သူအား စဆိန်းဟိုဗီဒဲလ်လစ်ဟု ပြောင်းလဲခေါ်ပါရန်။

စဆိန်းဟိုဗီဒဲလ်လစ်။



ပန်းအလှပင်များ ကလောမြို့၌ စုပေါင်းစိုက်ပျိုး

ကလော မေ ၂၈

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် လမ်းလယ်ကျွန်းတစ်လျှောက်ရှိ ပန်းခုံများတွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းနှင့် လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်မှုကို မေ၂၅ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ –၂ ဒေါ်သိန်းသိန်းတင့် ကြီးကြပ် ဆောင်ရွက်ပေးသည်။

(နယ်စပ်/စည်ပင်)

မြင်းခြံမြို့နယ်လုံးကျွတ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ကို မေ၂၅ရက်က မြင်းခြံမြို့ အလက(၁)စံပယ်ခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်မေသန်းနွယ်က ငွေကျပ်သုံးသိန်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုးထံ ပေးအပ်လှူဒါန်းစဉ်။ (၄၀၂)

မုံရွာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ စာရေးကိရိယာများလှူဒါန်း

မုံရွာ ဇွန် ၃

မုံရွာခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက မုံရွာမြို့ သလ္လာရပ်ကွက်ရှိ တိုင်းရင်းသား လူငယ်နှင့် မိဘမဲ့ကလေးများကို စောင့်ရှောက်ပညာသင်ပေးသည့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန်၂ရက် နံနက်၉နာရီခွဲက အဆိုပါ ပရဟိတဂေဟာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းက အမှာစကားပြောကြားပြီး မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကံညွန့်က ပရဟိတဂေဟာသို့ ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ပရဟိတဂေဟာရှိ ကျောင်းသား ၇၃ဦးအတွက် ကျပ်တစ်သိန်းတန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးရဲထွန်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကံညွန့် **(အပေါ်ပုံ)** နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးစိုးမြင့်လွင်တို့က ပရဟိတဂေဟာကော်မတီဥက္ကဋ္ဌဦးချစ်လှိုင်သို့ ပေးအပ်လှူဒါန်းကြသည်။ **(က–ပ)**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ အဆောက်အအုံ၊ ပရိဘောဂအတွက်ငွေများလှူဒါန်း

စလင်း မေ ၂၉

စလင်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၂၂ ရက်နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်မောင်တို့က အမှာစကားပြောကြားကြပြီး ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက်လှူဒါန်းသည့် စာအုပ်၁၃၃၀၉အုပ်၊အဆောက်အအုံနှင့် ပရိဘောဂအတွက် လှူဒါန်းငွေကျပ် ၁၁၈၅၀၀၀နှင့် ရေဒီယိုအလုံး၅၀ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်ကော်မြို့ အေးငြိမ်းသာယာလမ်း ကျောက်ချောခင်းခြင်းကို မေ၂၁ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်း ကွင်းဆင်း စစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

မိုင်းဖြတ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ ချို့တဲ့နွမ်းပါးကလေးများ စာအုပ်နှင့်အလှူငွေထောက်ပံ့

မိုင်းဖြတ် ဇွန် ၁

မိုင်းဖြတ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် ချို့တဲ့နွမ်းပါးသောကလေးများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ၂၉ရက်မွန်းလွဲပိုင်းက မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်းသိပ္ပံခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါ အခမ်းအနားသို့ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်စန်းစန်းဝေတို့တက်ရောက်၍ စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်နေ့
၁၀–၆–၂၀၀၆(စနေနေ့)

နံနက်ပိုင်း	
၀၇:၀၀	တရားတော် (နယုန်လပြည့် မဟာသမယအခါတော်နေ့ တရားတော်)
နေ့လယ်ပိုင်း	
၀၉:၃၅	ဟောပြောချက် (နယုန်လ မဟာသမယအခါတော်နေ့–မြတ်သီတာ)
၀၉:၄၅	အာဆီယံအစီအစဉ်
၁၁:၁၅	စက်မှုစွမ်းအား ခေတ်ကျော်လွှား (နည်းပညာသုံးအသင့်သောက်နို့ထုတ်လုပ်မှုအကြောင်း)
၁၁:၃၅	မေတို့ရေးရာ သိမှတ်စရာ (မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာလှည့် ဒေါ်တင်တင်စိန်နှင့် ဆွေးနွေးခန်း)
၁၂:၀၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၀	နေ့စဉ်သုံး အီဒီယမ် (ဆရာဦးသိန်းလွင်)
၁၇:၁၀	အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ် (မွန်ပြည်နယ်မှ မရွှေစင်လှိုင်နှင့် မချိုဇာဟိန်းတို့၏ ခေတ်ဟောင်း/ကာလပေါ်တေး)
၁၇:၁၅	ခေတ်ဟောင်းတေး(၁)စီရွေ ကိုးသွယ်ဂုဏ်(၂)ငါးပါးပဥ္စသီ(၃)ဥပုသ်သည်
၁၇:၃၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅	ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် ကိုယ်စိတ် ရွှင်လန်း၍ စွမ်းအားထက်မြက်စေသော နည်းလမ်း (၁၇)ချက် (သက်နှင်းအေး)
၁၉:၁၅	မေတ္တာလက်ဆောင်ရ တေးစီးရီး (Master တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အတူတူဆိုရင် တေးစီးရီး)
၂၀:၃၀	တေးသံစုံ (မြန်မာ့အသံအဖွဲ့)
၂၀:၄၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) သံယောဇဉ် (၂) မိမာယာရဲ့ အလှတောမှာ (၃) မောင့်ထံသို့
ညနေပိုင်း	
၁၆:၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) သူသိမှာပါ (၂) စနေနေ့တော့ ကိုယ့်အတွက်ရှိမည် (၃) ယောကျ်ားတွေအကြောင်း သိပါတယ်

ဒိုက်ဦးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော

ဒိုက်ဦး မေ ၂၉

ဒိုက်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မိုးရာသီတွင် ဖြစ်ပွားတတ်သော ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ၂၁ရက်က ကျိုက်စကောကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်စန်းစန်းညွန့်က မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးနှင့် သန့်ရှင်းသန့်အကြောင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတွဲဖက် အတွင်းရေးမှူး ဒေါ်ခင်ချိုနီက ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သော အန္တရာယ်နှင့်ဆိုးကျိုးများအကြောင်းနှင့် ပတ်သက်၍ လည်းကောင်းဆွေးနွေးဟောပြောကြသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ချောင်းဆုံမြို့ မြို့မ အမှတ်(၂)ဈေးပတ်လည် ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်နှင့်နုန်းများ တူးဖော်ဆယ်တင်ခြင်းတို့ကို မေ ၂၁ရက်က အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့ကြီးကြပ်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

မြို့နယ် သတင်းများ

မန္တလေး ချမ်းအေးသာစံမြို့နယ် ၂၆x၂၇လမ်းကြား၊ ၈၂လမ်း ချမ်းအေးသာစံ အရှေ့ရပ်ကွက် နိဗ္ဗာန်ဆော်နာမှုကူညီရေးအဖွဲ့ မော်တော်ယာဉ် ဝယ်ယူရန်အတွက်မေ၂၀ရက်က လမ်း၃၀နှင့် ၆၅လမ်းထောင့်နေ သစ်ဆန်းဇာဘော်လီ ခိုင်ရတနာ မိသားစုက ငွေကျပ်၁၅သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်း လက်ခံယူစဉ်။ (၁၆၂)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် စက္ကူနှင့်ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ Duplex Board(180 GSM)°အဖုံးစက္ကူ(ပြည်တွင်း)ကို ယှဉ်တွဲပါအရေအတွက်အတိုင်း ဝယ်ယူလိုပါသည်–

(1) Duplex Board(180 GSM)°အဖုံးစက္ကူ(ပြည်တွင်း) (32"x40") ၂၈၈၆၃ ထုပ်
(180 GSM) (ရွက်၁၀၀ပါ)ထုပ်

(2) Duplex Board(180 GSM)°အဖုံးစက္ကူ(ပြည်တွင်း) (32"x46") ၇၁၀၀ ထုပ်
(180 GSM) (ရွက်ရေ ၁၀၀ ပါ)ထုပ်

၂။ တင်ဒါပေးသွင်းမှုကို ၁၄–၆–၂၀၀၆ရက် (၁၆:၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း ရန်ကုန်မြို့။
ဖုန်း–၅၃၇၆၈၅။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကော့သောင်းဆီအုန်းခြံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

၁။ စိုက်ပျိုးရေးဘွဲ့ရ (B.Ag,Dip Ag) (အမျိုးသား) (၂၀)ဦး
၂။ တက္ကသိုလ်ဘွဲ့ရ(BA,B.Sc) (အမျိုးသား) (၁၀)ဦး
၃။ လက်ထောက်ကျန်းမာရေးမှူး (အမျိုးသား) (၂)ဦး

အမှတ်စဉ်(၁)နှင့်(၂)အတွက် အသက်၃၅နှစ်အောက်နှင့် အမှတ်စဉ်(၃)အတွက် ၅၀ နှစ်အောက် ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ဘွဲ့လက်မှတ်မူရင်း၊ မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မူရင်း များနှင့်အတူ အမှတ်(၁၃၀) ယုဇနစင်တာ တတိယထပ်၊ ရွှေဂုံတိုင်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆေးပေါင်းရုံသုံး လောင်စာအဝယ်တင်ဒါ(၁/၂၀၀၆)

မြန်မာ့စားသောက်ကုန်လုပ်ငန်း ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ မန္တလေး၊ မြင်းခြံ၊ ရေဦး၊ လင်းခေး၊ ပခုက္ကူ၊ ရေစကြို၊ ပေါက် ဒေသများရှိ ဆေးပေါင်းစခန်းများအတွက် လိုအပ်သော ပေါင်းရုံသုံးလောင်စာ(တောထင်း၊ ရေမျောထင်း၊ မြေပဲခွံ၊ စပါးခွံ)များအား ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများသည် ဤတင်ဒါကြော်ငြာပါသည့်ရက်မှ (၇)ရက်မြောက်သောနေ့ ရုံးချိန်အတွင်းနောက်ဆုံးထား၍ ချိပ်ပိတ်ဈေးနှုန်းလွှာများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူရေးအဖွဲ့ ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ၊
ဖုန်း– ၀၂–၇၀၅၆၆၊ ၀၂–၇၀၅၆၇။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် လူနေရပ်ကွက်အမှတ်– သမိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် (၁/ခ ၁၉၆)၊ ဧရိယာ ၀ ဒသမ ၀၈၄ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဦးဝင်းမောင် ၉/မရတ(နိုင်)၀၅၉၉၅၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသည့် အထောက်အထားများဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းထွေး (LL.B)
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အခန်း ၁၀၊ ဒုတိယထပ်၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–(အိမ်) ၅၄၂၀၈၁၊ ၆၄၄၃၆၉၊ (ရုံး) ၃၇၇၈၇၉။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ပန်းဘဲတန်းမြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်က အမည်ပေါက် ပိုင်ဆိုင်လျက် ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား အရပ်စာချုပ် အဆင့်ဆင့်ဖြင့်ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	တိုက်ခန်းအမည်ပေါက်အမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၅၉၅၄ မှ		တိုက်–၁၃၆/၁၃၈
၂။	ဦးအောင်ကြည် KTDA–၀၀၃၅၆၄ မှ	ဒေါ်မြဝင်း ၁၂/ပဘတ(နိုင်)၀၂၉၂၃၁	အခန်း–၁၇ ၂၇ လမ်း၊ ပန်းဘဲတန်း

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)။

အထူးလျှော့ဈေး (50%OFF)
မဝတ်အထည်၊ အိတ်၊ အလှပြင်ပစ္စည်းများ

အပတ်စဉ်– စနေ၊ တနင်္ဂနွေ (**9:00 A.M to 6:00° P.M**)
ခြံအမှတ် ၄၄၊ ရွှေဥဒေါင်းလမ်းသွယ်၊
ဘုရင့်နောင်လမ်းမကြီး၊ သစ်တောဦးစီးဌာနရုံးဘေး (အင်းစိန်)
ဖုန်း–၆၄၂၈၀၉၊ ၀၉–၅၁၄၀၆၁၉။

ပေးအပ်လှူဒါန်း

လမ်းမတော်မြို့နယ် ၁၄ လမ်း အမှတ်(၇၃) နေ မိခင်ကြီး ဒေါ်ကျင်ဟုန်အား ရည်စူး၍ ဦးအေးလွင်နှင့် မိသားစု၊ သားသမီးများက အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း လက်ခံယူစဉ်။ (က–ပ)

မိုးရာသီဘဏ်ချေးငွေများပေးအပ်

တန့်ဆည် ဇွန် ၁

တောင်သူလယ်သမားများအား ၂၀၀၆ခုနှစ် မိုးရာသီဘဏ်ချေးငွေများ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ရက် နံနက်က တန့်ဆည်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်ဦးက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝင်းဆွေက တောင်သူလယ်သမားများအား မိုးရာသီဘဏ်ချေးငွေများ ထုတ်ချေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူတစ်ဦးချင်းသို့ ဘဏ်ချေးငွေများ ထုတ်ပေးသည်။ **(အပေါ်ယာပုံ)**

ထုတ်ချေးမည်

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ကြပြီး တန့်ဆည်မြို့နယ်တွင် တောင်သူလယ်သမားများအား ၂၀၀၆ခုနှစ်အတွက် မိုးရာသီ ဘဏ်ချေးငွေ ကျပ်သိန်း ၁၉၂၀ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေတောင်မြို့၌ ကတ္တရာထပ်ပိုးလွှာခင်း လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းစစ်ဆေး

ရွှေတောင် မေ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်အဖွဲ့သည် မေ ၁၇ ရက်က ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် လမ်း၊ တံတားနှင့် ရေပေးရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ရွှေတောင်မြို့ ကြာနီကန် ရပ်ကွက် ဆယ်နာရီဈေးလမ်းမှ ဆေးရုံးတန်းလမ်းအပိုင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး၊ အငယ်တန်း အင်ဂျင်နီယာ (၂) ဦးကျော်လွင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၃) ဦးရဲနောင်တို့က ရှင်းလင်းတင်ပြကြသည်။ **(ယာပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ ၃၃၄၀၊ အကျယ် ၁၂ ပေရှိ လမ်းဖြစ်ပြီး လမ်းကောင်းမွန် ပြီးစီးသည့်အတွက် မြို့အဝင် ပြည်–ရန်ကုန် အဝေးပြေးလမ်းမကြီးမှ မြို့အလယ်သို့ လွယ်ကူလျင်မြန်စွာ ဝင်သွားလာနိုင်ပြီ ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးပညာပေးဟောပြော

ကျောက်ဆည် ဇွန် ၅

ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို မေ၂၅ရက် မွန်းလွဲ ၂နာရီက ကတဲကျေးရွာအခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမေက အမှာစကားပြောကြားသည်။

ပညာပေးဟောပြော

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်လှလှအုန်းနှင့် အမှုဆောင်များက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများအား ကာကွယ်ပိုင်ခွင့်ဥပဒေရေးရာများကိုလည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ဝင်းကြည်နှင့် အမှုဆောင်များက အမျိုးသမီးများတွင် ဖြစ်တတ်သော ကင်ဆာရောဂါ စောစီးစွာရှာဖွေကုသရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောကြကြောင်း သိရသည်။ (အမျိုးသမီးရေးရာ)

လင်းခေးမြို့၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

လင်းခေး မေ ၂၀

လင်းခေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးနှင့် တာဝန်ရှိသူများ မေ ၈ရက်က လင်းခေးမြို့နယ် ပန်တဝိကျေးရွာတွင် ဒေသခံကျေးရွာသူကျေးရွာသားများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင် ၁၀ဧကေ စိုက်ပျိုးကြပြီး ပန်တဝိကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများ၏ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်

မော်လမြိုင် ဇွန် ၃

မော်လမြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့က ကြီးမှူး၍ မော်လမြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက်က မော်လမြိုင်မြို့ အမှတ်(၁) မီးသတ်စခန်းတွင်ကျင်းပသည်။

အခမ်းအနားတွင်ပညာသင်စရိတ် ထောက်ပံ့ကြေးကို တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ထောက်ပံ့ရခြင်းနှင့် စပ်လျဉ်း၍ မော်လမြိုင်မြို့နယ် မီးသတ် ဦးစီးအရာရှိဦးအောင်ဆွေဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၆–၂၀၀၇ ခုပညာသင်နှစ် ပညာသင်စရိတ်ကို မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တက်ရောက်သင်ကြားသည့် ကျောင်းသား ကျောင်းသူ ၁၉ ဦးတို့အား မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဆွေဝင်းက ထောက်ပံ့ကြေး ငွေကျပ် ၇၀၀၀၀ ကို ပေးအပ်သည်။ **(၁၆၈)**

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာ၊ အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေး အကောင်အထည်ဖော် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အိမ်တိုင်းစိုက်ပျိုး

ရန်ကုန် ဇွန် ၈

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၅ ရက်တွင် ထားဝယ်မြို့မှ နံနက် ၈ နာရီခွဲတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း **သတင်းဆောင်းပါးနှင့် ကမ္ဘာ့ဖလားသတင်းဂယက်အညွှန်း**

"ဂျာမနီတို့ အုပ်စု(က)မှာ အုပ်စုပိုလ်ဖြစ်ရေး ဒီပွဲဟာ အရေးကြီးတယ်၊ ဂိုးများများသွင်းနိုင်မှ တော်ကာကျ မယ်ဆိုတော့ ခြေကုန်ထုတ်ကစားတာ တွေ့ရမှာပါ"

ဝါရင့်အားကစားကလောင်ရှင် မောင်ရဲဝင်း(ဦးထွန်းသာ)

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) (စာ-၆)

ရွှန်နေ၏ ခြေထောက် ဒဏ်ရာ ဆေးစစ်မှု အောင်မြင်

ကမ္ဘာ့ဖလားပွဲ ပါဝင်ကစား နိုင်မည်

ကမ္ဘာ့ဖလားသတင်းဂယက် (စာ-၁၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ် ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို တနင်္သာရီတိုင်း အစိုးရနည်းပညာကောလိပ် (ထားဝယ်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပါတီအာဏာရူးများ အာဏာရသွားပါက နယ်ချဲ့ဩဇာခံဘဝ ရောက်မည် နိုင်ငံပျက်စီးရာ ပျက်စီးကြောင်းကိုသာ တွေးခေါ်ပြီး ဖျက်လိုဖျက်ဆီးလုပ်နေသည့် ပါတီကို လုံးဝထောက်ခံခြင်းမရှိ မိုးမောက်မြို့နယ် NLD ပါတီဝင် ကိုးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ကိုးဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

အဆိုပါ မိုးမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်လွှာပေးအပ်သူ မြို့နယ်အလုပ်အမှုဆောင် ကိုးဦးတို့သည် ၎င်းတို့၏နုတ်ထွက်လွှာများကို မေ ၁၁ ရက် နံနက် ၁၀ နာရီ ၅ မိနစ်တွင် မိုးမောက်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မိုးမောက်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် **စာမျက်နှာ ၉ ကော်လံ ၁** ■